


# ဝိဇ္ဇာ မဖြစ်သရွေ့ လိုသေးတယ်

## ဓ မ္မာ နု ပ ဿ နာ

၇၃

ဟောကြားသည့်နေ့
၂၅-၆-၆၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၂) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူအပ်သော တရားတော်

# ဝိဇ္ဇာ မဖြစ်သရွေ့ လိုသေးတယ်

## ဓမ္မာနုပဿနာ

ဟောကြားသည့်နေ့ (၂၅-၆-၆၁)

ဒကာ ဒကာမတွေ သစ္စာသိအောင် လုပ်ပါဆိုတဲ့ စကားဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အရေးအကြီးဆုံး ပြောဆိုတဲ့စကားလို့ မှတ်ထားကြပါ။

**သစ္စာသိအောင်လုပ်ပါ**

သစ္စာသိအောင် လုပ်ပါဆိုတဲ့ စကားဟာ အရေးအကြီးဆုံးပြောတဲ့ စကားပါ . . . (မှန်ပါ့)။

ဒါနပြုကြပါဆိုတဲ့ စကားဟာ အရေးအကြီးဆုံးပြောတဲ့ စကားမဟုတ်ဘူး။ သီလဆောက်တည်ပါဆိုတဲ့ စကားဟာလည်း ဒီလောက် အရေးမကြီးလှဘူး။ သစ္စာသိအောင် လုပ်ပါဆိုတဲ့ စကားသာ အရေးအကြီးဆုံးစကားလို့ ဘုရား ကိုယ်တော်မြတ်ကြီးပြောတဲ့ အထဲမှာဖြင့် ဒီဟာကို လေးစားစွာနဲ့ မှတ်ရတော့မယ်. . . (မှန်ပါ့)။

ဦးဘရှင်း ဘာသိဖို့လဲ . . . (သစ္စာသိဖို့ပါဘုရား)၊ သစ္စာသိဖို့နော်၊ ဒကာ ဒကာမတို့ သစ္စာဖြင့် သိအောင်လုပ်ပါလို့ ဆိုတဲ့ဥစ္စာ အင်မတန် အရေးတကြီးမှာတယ်နော် . . . (မှန်ပါ့)။

## အားကိုးအစစ်ကိုရှာကြပါ

သစ္စာဟာတဲ့ . . . ဒိပြင်တရားက သစ္စာလို့ မလာဘူး။ ဒါနသစ္စာလို့ မလာဘူး။ သီလသစ္စာလို့ မလာဘူး။ ကိုဝ . . . လာရဲ့လား . . . (မလာပါ)၊ သမထသစ္စာလို့လာရဲ့လား. . . (မလာပါဘုရား)၊ ဝိပဿနာကျတော့ သစ္စာလို့လာတယ်. . . (မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားကိုး အစစ်ကိုရှာကြပါဆိုတဲ့ ဥစ္စာကိုလည်း ဆရာကောင်း သမားကောင်းမို့ သာသနာတွင်းတရားနဲ့ လမ်းညွှန်ပေးနေတယ်ဆိုတာ မှတ်ပါ. . . (မှန်ပါ့)။

ဆရာသမားလည်း ကောင်းမှနော်. . . (မှန်ပါ့)။ သာသနာ့တွင်း နားနဲ့လည်း ထောင်မှ၊ ဆရာသမားကလည်း သာသနာတွင်း တရားဟောပါဦးမှ၊ ဒကာကြီးလှိုင် အရေးကြီးပုံ က. . . (မှန်ပါ့)။

## သာသနာပတရားတွေနော်

ဆရာသမားကလည်း ဘာတရားဟောရမလဲ. . . (သာသနာတွင်းတရား ဟောရပါမယ်)၊ သာသနာတွင်း တရားပဲ ဟောပါဦးမှ. . . ဟ. . . ပေးကြဟ၊ ကမ်းကြဟ၊ လှူကြဟ. . . ဆိုတာ သာသနာပ တရားတွေနော်. . . (မှန်ပါ)။

သီလဆောက်တည်ကြဟ. . . ဆိုတာ. . . (သာသနာပတရားပါ)၊ အို. . . သာသနာပတရားတွေ. . . တိရစ္ဆာန်တွေတောင် စောင့်နေတာ၊ ရှိနေတာ သာသနာပမှာ မောင်နိုင် . . . မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

အဲဒါ ဒီလောက် အရေးမကြီးလှဘူးလို့ဆိုတာ သေသေချာချာမှတ်တော့. . . သစ္စာသိအောင် လုပ်ပါလို့ဆိုတာ အရေးအကြီးဆုံးစကား. . . (မှန်ပါ့)။

ဒါဖြင့် သစ္စာသိအောင် ဘုန်းကြီးများကလည်း ပြောပါမယ်။ ဒကာ ဒကာမတွေကလည်း သစ္စာထောင်တတ်တဲ့နားနဲ့ ထောင်ပေးပါ ဆိုတာကိုလည်း ဦးဘရှင်း . . . အထူးပဲ ဘုန်းကြီးများက ရှေ့ထားပြီး တောင်းပန်တယ်နော် . . . (မှန်ပါ့)။

## အရေးကြီးတာ ကြီးသလိုပြောနေတယ်

ဒကာကြီးလှိုင် . . . အရေးကြီးတာ ကြီးသလို ပြောနေတယ်မှတ်ပါ. . . (မှန်ပါ့)။

တရားချီးနေတယ်လို့ ဒီလိုမယူလိုက်ပါနဲ့ . . . သစ္စာမသိရင် သောတာပန်လည်း မဖြစ်ဘူး။ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ ဘုရား ပစ္စေက ဗုဒ္ဓါ . . . (ဘယ်သူမှ ထွက်ရပ်လမ်း ပုဂ္ဂိုလ်ဟူသရွေ့) ဖြစ်ကို မဖြစ်ဘူးဆိုတာ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။

ကိုပေါ် . . . မှတ်မိပလား . . . (မှတ်မိပါပြီ)၊ သစ္စာမသိရင် သောတာပန်လဲ . . . (မဖြစ်ပါဘုရား)၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဘုရား . . . (မဖြစ်ပါဘုရား)၊ ပစ္စေကဗုဒ္ဓါ . . . (မဖြစ်ပါဘုရား)၊ မဖြစ်ဘူး၊ ဘယ်သူမှ ဘာမှမဖြစ်တော့ဘူး . . . ။

ဒါဖြင့် ဘယ်သူမှ ဘာမှ မဖြစ်လို့ရှိရင်ဖြင့် နိဗ္ဗာန် ဘယ်သူမှ မရဘူးလို့ ဦးဘရှင်း . . . ကန့်ကွက်လိုက်တော့ . . . (မှန်ပါ့) သစ္စာထဲမှာမှ နိဗ္ဗာန်ပါတာကိုး . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ်အထဲမှာ နိဗ္ဗာန်ပါသတုံး . . . (သစ္စာထဲမှာ ပါ, ပါတယ်)၊ သစ္စာထဲမှာမှ နိဗ္ဗာန်ပါတာကို သိနေတော့ ဩော် . . . ဒါဖြင့် တို့သည် ဒုက္ခခပ်သိမ်းငြိမ်းတာ နိဗ္ဗာန်၊ ကိလေသာသိမ်းတာ နိဗ္ဗာန်ဆိုတာဟာ သစ္စာထဲမှာပဲ ပါတယ်၊ ဒိပြင် နေရာမှာ မပါဘူး။ အဲဒီတော့ တို့ သစ္စာမသိသရွေ့

ကာလပတ်လုံး နိဗ္ဗာန်မရောက်ဘူးဆိုတဲ့ စကားတစ်လုံးကို ကိုဝ သေသေချာချာ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့)။ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## သစ္စာမသိတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်မရှိ

သစ္စာမသိရင် သူ့သန္တာန်မှာ နိဗ္ဗာန်မရှိဘူးသာ မှတ်လိုက် (မှန်ပါ့)၊ အားထုတ်နေတဲ့ ပုဂ္ဂိုလ်သန္တာန် သူတို့ လုပ်ချင်တာ လုပ်နေတဲ့ သဘောတွေ လုပ်နေပြီး သစ္စာ မသိလို့ရှိရင်ဖြင့် သူ့သန္တာန်မှာဖြင့် နိဗ္ဗာန်မရှိဘူး . . . (မှန်ပါ့) သစ္စာသိရင် နိဗ္ဗာန်ရှိတယ် . . . (မှန်ပါ့)။

သစ္စာမသိရင် . . . (နိဗ္ဗာန်မရှိပါဘုရား)၊ နိဗ္ဗာန်မရှိဘူး ဆိုတာ သေသေချာချာ မှတ်ပါ. . . (မှတ်ပါ့မယ်ဘုရား)။

အဲဒီတော့ . . . ဘယ့်နှယ်ကြောင့် ဒီဆရာ ဘုန်းကြီးက ဒီလောက်တောင် အရေးတကြီး ဒကာ ဒကာမတွေ သစ္စာမသိရင် နိဗ္ဗာန်မသိဘူး။ သူတို့ တောင်းသာနေတာ ရမှာလည်း မဟုတ်ပါဘူး။ သူတို့ သန္တာန်မှာ သစ္စာမသိလို့ သူတို့ ဝမ်းထဲမှာလည်း နိဗ္ဗာန်ရှိဖို့ ဝတ္တုရားမရှိဘူး . . . (မှန်ပါ့) ဦးဘရှင်း . . . ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

သစ္စာဟာတဲ့ . . . ဒကာ ဒကာမတို့ "နိဗ္ဗာနန္တိခန္ဓပဋိဗဒ္ဓမေဝ" **နိဗ္ဗာနန္တိ** = နိဗ္ဗာန်ဟူသည်ကား . . . **ခန္ဓပဋိဗဒ္ဓမေဝ** =

ခန္ဓာနဲ့ စပ်လျက်ရှိသည်သာလျှင်တည်း၊ ခန္ဓာနဲ့ စပ်နေတယ်တဲ့ . . . (မှန်ပါ့)။

## နိဗ္ဗာန်သည် ခန္ဓာနှင့် စပ်နေ

ဒကာ ဒကာမတို့ နိဗ္ဗာန်ဟာ ဘာနဲ့ နီးစပ်နေသလဲ . . . (ခန္ဓာနဲ့ စပ်နေပါတယ်ဘုရား)။

ခန္ဓာနဲ့ စပ်နေတယ်ဆိုတာ ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာနဲ့ စပ်နေတာက နိရောဓသစ္စာ . . . (မှန်ပါ့)၊ ဆိုတော့ ခန္ဓာမသိလို့ရှိရင်ဖြင့် ခန္ဓာဒုက္ခသစ္စာမသိလို့ ရှိရင်ဖြင့် သူသည် ခန္ဓာနဲ့ စပ်နေတဲ့ နိဗ္ဗာန်ကို ရောက်နိုင်စရာ၊ တွေ့နိုင်စရာကော . . . (မရှိပါဘုရား)။

ဒါကြောင့် အားလုံး အရေးတကြီး ပြောနေတဲ့ တရားလို့ ခင်ဗျားတို့က လေးလေးစားစားမှတ်ပါ . . . (မှန်ပါ့)၊ သာမည ပြောဆိုလို့ရတဲ့ တရားမဟုတ်လို့ အခု သေသေချာချာ တရားကို နားစိုက်အောင်လို့ပဲ ရှင်းရှင်းလင်းလင်း ပြောနေပါတယ်ဆိုတာ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့)၊ သစ္စာမသိတဲ့ပုဂ္ဂိုလ် သူတို့မှာ နိဗ္ဗာန်မရှိဘူး . . . (မှန်ပါ့)။

သစ္စာမသိတဲ့ ပုဂ္ဂိုလ် . . . (သူတို့မှာ နိဗ္ဗာန်မရှိပါဘုရား) **"နိဗ္ဗာနဉ္စခန္ဓပဋိဗဒ္ဓမေဝ" နိဗ္ဗာနဉ္စ** = နိဗ္ဗာန်ဟူသည်ကား . . . **ခန္ဓပဋိဗဒ္ဓမေဝ** = ခန္ဓာနဲ့ စပ်လျက်ရှိသည်သာလျှင်တည်း . . .၊

ဒီလို ပါဠိတော်တွေက ရှိပြီးသကာလ နေသောကြောင့် **"အညေ ခန္ဓာ အညံ နိဗ္ဗာနန္တိ၊ နဟောဝံ ဝတ္တဗ္ဗေ"** နိဗ္ဗာန်နဲ့ ခန္ဓာဟာ တခြားစီလို့ မယူနဲ့ကွာ ဆိုတာ **ကထာဝတ္ထု** ပါဠိတော်လာတာ လို့ မှတ်လိုက် . . . (မှန်ပါ့)။

## အဘိဓမ္မာခုနစ်ကျမ်း

ကထာဝတ္ထုပါဠိတော်ဆိုတာ ကြားဖူးကြပါလိမ့်မယ် . . . (မှန်ပါ့)၊ မောင်ရိုင် **အဘိဓမ္မာခုနစ်ကျမ်း**ထဲမှာ **ကထာဝတ္ထု** မပါဘူးလား . . .။ (ပါ, ပါတယ်ဘုရား)။

**ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဌာန်း** ဆိုပြီးတော့ သကာလ ဦးဘရှင်း . . . **အဘိဓမ္မာခုနစ်ကျမ်း**ရှိတဲ့အထဲ **ကထာဝတ္ထု**မှာ လာတယ် . . . (မှန်ပါ့)။

ဒါဖြင့် သစ္စာမသိရင် နိဗ္ဗာန်မရှိဘူး . . . (မှန်ပါ့ဘုရား)၊ သစ္စာမသိတဲ့ပုဂ္ဂိုလ် . . . (နိဗ္ဗာန်မရှိပါဘုရား)၊ သူတို့ သန္တာန်မှာ နိဗ္ဗာန်မရှိဘူးဆိုတာ ဒကာ ဒကာမတွေ သေသေချာချာ မှတ်ပါ (မှန်ပါ့)။

ဒါဖြင့် သစ္စာသိမှ နိဗ္ဗာန်ရှိတယ် . . . (မှန်ပါ့)၊ သစ္စာသိမှ . . . (နိဗ္ဗာန်ရှိပါတယ်ဘုရား)၊ နိဗ္ဗာန်ရှိတယ်ဆိုတာ လေးလေး စားစားကလေး မှတ်လိုက်မှ၊ ဪ . . . ဒါဖြင့် နိဗ္ဗာန် ဘယ်သူနဲ့

စပ်နေသတုံး . . . ဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ . . . (ခန္ဓာနဲ့ စပ်နေပါတယ်ဘုရား)။

## ခန္ဓာတွေ့ပြီးမှ နိဗ္ဗာန်တွေ့မယ်

ခန္ဓာနဲ့ စပ်နေတယ်လို့ဆိုတော့ ခန္ဓာတွေ့အောင် ရှာပြီး တော့မှ နိဗ္ဗာန်တွေ့မယ် . . . (မှန်ပါ့)။

ကိုဝ ခန္ဓာတွေ့ပြီးတော့မှ . . . (နိဗ္ဗာန်တွေ့ပါတယ် ဘုရား)။

ခန္ဓာက ဒုက္ခသစ္စာကိုး၊ အဲဒီ ဒုက္ခသစ္စာ တွေ့ပြီးတော့မှ နိဗ္ဗာန်နိရောဓသစ္စာသွားတွေ့မယ် . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဒုက္ခသစ္စာမတွေ့ဘဲနဲ့ နိရောဓသစ္စာ နိဗ္ဗာန်တွေ့လိမ့်မယ် လို့ ဘယ်တော့မှ မအောက်မေ့နဲ့ . . . (မှန်ပါ့)၊ ဘာ့ကြောင့်တုံး၊ သူတို့က တစ်စပ်တည်းနေတာ . . . (မှန်ပါ့)။

တစ်စပ်တည်းနေတော့ ဥပမာ မိုးကုတ်ကသည်းနဲ့ ကျပ်ပြင်တစ်စပ်တည်း နေတယ်ဆိုတော့ ကသည်းမှ မတွေ့သေး တဲ့ပုဂ္ဂိုလ်ဟာ ကျပ်ပြင်တွေ့ချင်လို့တော့ ဒီက မိုးကုတ်သားက တော့ အတော်ခဲယဉ်းတယ် . . . (မှန်ပါ့)။

ဘာဖြစ်လို့တုံး . . . တစ်စပ်တည်းနေတာ၊ ကသည်း တွေ့ပြီးမှ ကျပ်ပြင်ကို . . . (တွေ့ရပါမယ်)၊ တွေ့ရမယ်ဆိုတော့

ထို့အတူပဲတဲ့။ ခန္ဓာအရင်တွေ့ပြီးမှ ခန္ဓာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ဒုတိယတွေ့မယ်. . . (မှန်ပဲ့)၊ ရှင်းကြပလား . . . (ရှင်းပါပြီ)။

ခန္ဓာတွေ့ပြီးမှ (ခန္ဓာချုပ်တဲ့နိဗ္ဗာန်တွေ့ရပါမယ်ဘုရား)။

## ခန္ဓာအရင်တွေ့အောင်ဖမ်းပါ

ဪ . . . ဒါဖြင့် နိဗ္ဗာန်ရှာလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ခန္ဓာအရင်တွေ့အောင်ဖမ်း . . . (မှန်ပဲ့)။

နိဗ္ဗာန်ရှာရင် . . . (ခန္ဓာအရင်တွေ့အောင် ဖမ်းရပါမယ်ဘုရား)။

ခန္ဓာအရင်တွေ့အောင် ဖမ်းရမယ်ဆိုတဲ့ စကားဖြင့် လေးလေးစားစားပဲ ကိုပေါ်တို့ . . . ကိုဝတို့ . . . မှတ်ရတော့မှာပဲ . . . (မှန်ပဲ့)၊ မဟုတ်ဘူးလား . . . (မှန်ပဲ့)။

ကျုပ်တို့ကလည်း အိုဘေး၊ နာဘေး၊ သေဘေး ကြောက်တဲ့ ပုဂ္ဂိုလ်တွေ၊ အပါယ်ဘေးတွေကြောက်တဲ့ပုဂ္ဂိုလ်တွေ၊ ဆင်းရဲဟူသရွေ့လည်း ဒီအထဲ မကြောက်တဲ့ ပုဂ္ဂိုလ်မပါကြဘူး . . . (မှန်ပဲ့)။

ဒါဖြင့် ဆင်းရဲဇာတ်သိမ်းချင်လို့ရှိရင်လည်း ခန္ဓာတွေ့မှ နိဗ္ဗာန်တွေ့မယ်၊ နိဗ္ဗာန်တွေ့မှလည်း ဆင်းရဲဇာတ်က သိမ်းမယ် . . . (မှန်ပဲ့)။ နို့မဟုတ်လို့ရှိရင် ဆင်းရဲဇာတ် သိမ်းနိုင်ကြပဲ့မလား . . . (မသိမ်းနိုင်ပါဘုရား)။

မသိမ်းနိုင်ဘူးဆိုတော့ ဩော် . . . ဒါဖြင့် ရှေးဦးမှာ ဒုက္ခသစ္စာတွေ့အောင် ရှာရမှာပဲ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘာတွေ့အောင် ရှာရမလဲ . . . (ဒုက္ခ သစ္စာတွေ့အောင် ရှာရပါမယ်ဘုရား)။

## ဒုက္ခသစ္စာတွေ့အောင် ရှာရမယ်

ဒုက္ခသစ္စာတွေ့အောင် ရှာရမယ်၊ ဒုက္ခသစ္စာက ခန္ဓာ၊ အဲဒီ ဒုက္ခသစ္စာနဲ့ တစ်စပ်တည်းနေတာက နိရောဓသစ္စာ. . . (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာနဲ့ တစ်စပ်တည်းနေတာက . . . (နိရောဓ သစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာတည်းဟူသော ကသည်းမြို့ မတွေ့ဘဲနဲ့ နိရောဓသစ္စာတည်းဟူသော ကျပ်ပြင်မြို့ တွေ့ချင်လို့ . . . (မဖြစ်နိုင်ပါဘုရား) မိုးကုတ်သားမှာ မဖြစ်နိုင်ဘူး။ သဘောကျ ပလား . . . (ကျပါပြီဘုရား)။

ကဲ . . . မိုးကုတ်က သွားတယ်ဆိုရင်ဖြင့် ဒါ အစဉ် အတိုင်း တွေ့ရမှာပဲ . . . (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ သေသေချာချာပဲ သစ္စာသိအောင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောရှာ တယ်၊ မင်းတို့ကွာ . . . တဲ့။ ဆရာကောင်း သမားကောင်းရှာပြီး

ဒီသစ္စာတွေ့အောင်ဖြင့် ရှာဖြစ်အောင် ရှာပါတဲ့။ မင်းတို့ ဒုက္ခတွေဟာ သစ္စာတွေ့ပြီးလို့ရှိရင်လည်း အင်မတန် ချမ်းသာသွားပါလိမ့်မယ်တဲ့ . . . (မှန်ပါ့)။ သစ္စာမတွေ့သေးဘူးဆိုလို့ရှိရင်လည်း မင်းတို့အတွက်ဟာဖြင့် ငါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘယ်နည်းနဲ့မှ မတတ်နိုင်ပါဘူးတဲ့ . . . သဘောကျပလား . . . (ကျပါပြီ)။

ဘုရားကို ကိုးကွယ်ကြ၊ ဆည်းကပ်ကြတယ်ဆိုငြားသော်လည်း ငါဘုရား ကိုးကွယ်ဆည်းကပ်ရင် မင်းတို့ သုဂတိတော့ ရောက်ပါတယ်ကွာ . . . တဲ့၊ နိဗ္ဗာန်တော့ဖြင့် ငါ မပို့နိုင်ဘူးတဲ့ . . . (မှန်ပါ့) သစ္စာသိမှပဲ မင်းတို့ နိဗ္ဗာန်ရောက်မယ်တဲ့ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီ)။

## ဘုရားကိုးကွယ်ရင် သုဂတိပဲ ရောက်မယ်

ဘုရား ကိုးကွယ်ဆည်းကပ်ရင် ဘယ်ရောက်မယ် . . . (သုဂတိရောက်ပါမယ်) သုဂတိပဲရောက်မယ်လို့ ဒကာ ဒကာမတွေက မှတ်ပါ . . . (မှန်ပါ့)၊ အဲဒါတွေဟာ **ပဏ္ဏာသပါဠိတော် အလဂဒ္ဒူမသုတ်**မှာ ကိုယ်တော်တိုင် ဟောတယ် . . . (မှန်ပါ့)။

ငါ့ ကိုးကွယ်ဆည်းကပ်ရင် သုဂတိပဲကွ . . . ရှင်းပလား (ရှင်းပါပြီ)၊ သစ္စာသိရင် နိဗ္ဗာန်ကွ . . . ဆိုတော့ ရှင်းမနေဘူးလား . . . (ရှင်းပါတယ်ဘုရား)။

သစ္စာသိရင် . . . (နိဗ္ဗာန်ပါဘုရား)၊ သစ္စာသိရင် နိဗ္ဗာန်ကွ . . . လို့ဆိုသဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ပြော် . . . ဘုရားကိုလည်း ကိုးကွယ်ရမှာပဲ။ သို့သော် ဘုရားကိုးကွယ်မှုထက် သစ္စာသိမှုက အရေးကြီးတယ် . . . (မှန်ပါ့)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဘုရားကိုးကွယ်မှုထက် . . . (သစ္စာသိမှုက အရေးကြီးပါတယ်ဘုရား)၊ ဝက္ကလိ နှင်ပစ်တာဟာ ဘုရားကိုးကွယ်လွန်းလို့ကို နှင်ပစ်တာ၊ သစ္စာမသိမှာစိုးလို့ . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

## ရေကန်ထဲက ရေဥပမာ

ကိုင်း . . . ဒါဖြင့် . . . ပြောကြပါစို့တဲ့။ မင်းတို့ သစ္စာမသိမှာများ ငါစိုးရိမ်လိုက်တဲ့ဖြစ်ခြင်း၊ မပြောပါနဲ့တော့ကွာ . . . ။ ငါ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ချိန်ကြည့်တယ်ကွ . . . တဲ့။ သဗ္ဗညုတဉာဏ် ချိန်ခွင်ကြီးနဲ့ ချိန်ကြည့်တယ်တဲ့၊ ၁၃ မိုင်ပတ်လည် ရေကန်ကြီး အောက်အနက်ကလည်း ၁၃မိုင်ဆိုတော့ ကိုပေါ် . . . နည်းတဲ့ရေကန် မဟုတ်ဘူး . . . (မှန်ပါ့)။

အဲဒါ နှုတ်ခမ်းနဲ့ညီနေအောင် ရေတွေထည့်ပါတဲ့ . . . ။ (မှန်ပါ့)၊ ရေတွေထည့်ပါ။ ရေတွေထည့်ပြီးသကာလ ကျုပ်တို့မြက်ဖျားကလေးနဲ့ သွားတို့လိုက်၊ ပြင်ဘက်သွားခါလိုက်၊ အဲဒီ

ရေ သွားတို့လိုက်၊ ပြင်ဘက်သွားခါလိုက်၊ ခုနှစ်ခါ ခါလိုက်ပါ တဲ့။ ခုနှစ်ခါ ခါတဲ့ရေနဲ့ အတွင်းရှိတဲ့ရေနဲ့ ကိုဝ. .. ဘယ်သူက များပါ့မလဲ . . . (အတွင်းရှိတဲ့ရေက များပါတယ်)။ နှိုင်းချိန် လို့တောင်မှ ပြောစရာ ရှိရဲ့လား . . . (မရှိပါဘုရား)။

အဲ . . . သစ္စာသိပြီးရင် ခုနှစ်ခါ ခါတဲ့ သဖန်းမြက်ဖျား မှာ ပါတဲ့ ရေလောက်ပဲ မင်းတို့မှာ ဒုက္ခကျန်တော့တယ်တဲ့။ သစ္စာမသိသေးရင် ခုနက ရေကန်ထဲမှာရှိတဲ့ ရေတွေလောက် ဒုက္ခတွေဟာ မင်းတို့ဟာချည်းပဲမှတ် . . . (မှန်ပါ့)။

ကဲ . . . ဘယ်လောက် အရေးတကြီး ဟောသလဲ . . . (ကြီးပါတယ်ဘုရား) နောက်က ဒကာ ဒကာမတွေ ပေါ်ကြ ပလား (ပေါ်ပါပြီ)၊ ဘာအရေးတကြီး ဟောပါလိမ့် . . . (သစ္စာ လေးပါး အရေးတကြီး ဟောပါတယ်ဘုရား)။

ငါ သစ္စာမသိလို့လဲ သူများ ပါစပ်ထဲမှာ ခန္ဓာပျက်ပြီး လမ်းဆုံးခဲ့ရတာယ်ကွာ . . . တဲ့။

အပါယ်လေးပါး လမ်းဆုံးခဲ့တဲ့အပြင် သူများပါးစပ် ထဲမှာ ငါးဖြစ်လို့၊ ဖားဖြစ်လို့ သူများပါးစပ်ထဲမှာ သေခဲ့ရတဲ့ ဘဝတွေလည်း ငါကိုယ်တိုင် သဗ္ဗညုတဉာဏ်နဲ့ ဂဏန်းတွက် ကြည့်တယ်၊ မရဘူးဟေ့ . . . တဲ့။ အသေများလွန်းလို့ . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ်လောက် ဒုက္ခကြီးတယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## သောတာပန်တည်ရင်ပြင်ဘက်ရေမှုန်ပဲရှိတော့တယ်

ဒါဖြင့် . . . ဘာသိမှတုံး . . . (သစ္စာသိမှပါဘုရား) သစ္စာသိလိုက်တော့လည်း သောတာပန်တည်တယ်ဆို၊ ခုနက ပြင်ဘက်ခါတဲ့ ရေခုနှစ်မှုန်လောက်သာ ဒကာ ဒကာမတို့ ရှိတော့ တယ်တဲ့. . (မှန်ပါ့)၊ အတွင်းရေမှုန်တွေလောက် ရှိတဲ့ ဒုက္ခတွေ ကုန်သွားပြီကွာတဲ့ . . . (မှန်ပါ့)။

ဒါ ငါ သဗ္ဗညုတဉာဏ်နဲ့ ချိန်တာပါတဲ့ . . .၊ သူများ ပြောသံကြားနဲ့ ငါပြောတယ်လို့လည်း မင်းတို့က အယူမရှိပါနဲ့တဲ့။ ပိတ်လိုက်သေးတယ် . . . (မှန်ပါ့)၊ ငါကိုယ်တိုင် သိပြီး သကာလ ရှင်းလင်းတဲ့ အလုပ်ပါကွာ . . . ဆိုတော့ ဦးဘရှင်းက ယုံမှား သံသယ ရှိသေးသလား. . . (မရှိပါဘုရား)။ ကိုဝတို့ကော . . . (မရှိပါဘုရား)၊ ကိုပေါ် (မရှိပါဘုရား)။

ဒါဖြင့် . . . ဒကာ ဒကာမတို့ ဘာအရေးကြီးနေသလဲ . . . (သစ္စာသိဖို့ အရေးကြီးပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ ဩော် . . . တရားနဲ့ - တရားနဲ့ဆိုပြီး သကာလ နေကြပြောသော်လည်း ကျုပ်တို့ တရားအောင်တော့ နေတာပဲဆိုတာ မပြီးသေးဘူး။ ကိုဝ . . . ကျုပ်တို့ တရားသဖြင့် လုပ်နေတာပဲဆိုရုံ ပြီးပါ့မလား . . . (မပြီးသေးပါဘုရား)။

မပြီးသေးတဲ့၊ တရားသဖြင့် လုပ်နေတယ်ဆိုတာ သူဘာ ပြောသတုံး။ ဒကာ ဒကာမတွေက ဘုန်းကြီးမေးလို့ရှိရင် ကျုပ်

သီလ ပျက်မှာစိုးလို့ သီလလုံခြုံအောင် လုပ်နေတယ် ပြောတာ . . . (မှန်ပါ)။

ကျုပ်တို့ သီလ ပျက်မှာစိုးလို့ ကျုပ် သီလလုံခြုံအောင် လုပ်နေတယ်လို့ ပြောတာ၊ စဉ်းစားကြည့်ပါ။ ဒီအသံပဲ ထွက်ပါတယ်. . . (မှန်ပါ)။

## သစ္စာမပါဘူး၊ သီလပဲ ပြောနေတာ

ကျုပ် . . . တရားသဖြင့် ရောင်းဝယ်ဖောက်ကားစားနေပါတယ်ဆိုတာ ကိုဝ . . . ဘာပြောတယ်ထင်သတုံး . . . (မှန်ပါ)၊ သီလလုံခြုံအောင် ထိန်းသိမ်းတာပါဘုရား၊ သီလစကားပြောနေတာ၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

မောင်နိုင် . . . ဘာစကားပြောနေတာလဲ . . . (သီလ ပြောနေတာပါ)၊ သစ္စာပါပလား . . . (မပါ, ပါဘုရား)။

ဒကာ ဒကာမတွေ ဒါပဲ၊ တချို့ ဒကာ ဒကာမတွေက ဂုဏ်ယူပြီးသကာလ နေကြတယ်။

ကျုပ်တို့ ကောင်းသော ရောင်းခြင်း၊ ကောင်းသော ဝယ်ခြင်းပဲ၊ မဟုတ်တာလဲ မပြောပါဘူးတဲ့ . . .၊ သီလပဲ ပြောတာပဲ . . . (မှန်ပါ)။

မဟုတ်တာ မပြောဘူးဆိုတော့ မုသားမပြောဘူး ပြောတာ သီလပဲ မကျဘူးလား . . . (ကျပါတယ်ဘုရား)။

အဲဒီတော့ မဟုတ်တာလည်း မပြောပါဘူးတဲ့၊ ကျုပ်တို့ သည်ကားလို့ဆိုရင်ဖြင့် အပြစ်လွတ်အောင် နေတာပါပဲဆိုတာ သင့်နေတဲ့ အပြစ်ကို မသိဘူး . . . (မှန်ပါ့)။

## အဝိဇ္ဇာပြစ်က သင့်နေတယ်

သီလပြစ်တော့ လွတ်ပါရဲ့၊ သစ္စာမသိတဲ့ အဝိဇ္ဇာပြစ်က သင့်နေတယ် . . . (မှန်ပါ့)၊ သီလပြစ်တော့ . . . (သိပါတယ် ဘုရား)။ သစ္စာမသိတဲ့ အဝိဇ္ဇာဖြစ်တော့. . . (မသိပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာပြစ်သင့်တာ မသိလို့ရှိရင် အဝိဇ္ဇာပစ္စယာ သင်္ခါရာက ကိုပေါ် နေပါ့မလား . . . (မနေပါဘုရား)၊ သင်္ခါရ ပစ္စယာ ဝိညာဏံဆိုတဲ့ နောက်ပဋိသန္ဓေတွေကကော . . . (မနေပါဘုရား)။

အဲဒီ ပဋိသန္ဓေတွေ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။

အဲဒီ ဒုက္ခတွေနဲ့တော့ သူလွတ်ပါ့မလား . . . (မလွတ် ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က အားလုံး ယဉ်ကျေးနေတဲ့ ဒကာ ဒကာမတွေအပေါ်မှာ ထူးခြားစွာ ဟောပြန်တယ်လို့ ကိုဝ မှတ်ပေတော့ . . . (မှန်ပါ့)။

## သီလနဲ့ တင်းတိမ်နေတယ်

နို့မို့ ကိုယ့်ဟာကလေးနဲ့ ကိုယ်တင်းတိမ်နေတော့ သူ သီလနဲ့ တင်းတိမ်နေတာပဲ . . . (မှန်ပါ့)၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် သူလုပ်ပလား . . . (မလုပ်သေးပါဘုရား)၊ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မှ သစ္စာသိမှာကိုး . . . (မှန်ပါ့)။

အဲဒီတော့ လိုနေတာကို ကိုပေါ်တို့၊ ကိုဝတို့က မသိတော့ တော်ပြီ၊ ကျုပ်တို့တော့ဖြင့် သူများလိုတော့ အပါယ်သွားကြောင်းတွေ ကျုပ်တို့မရှိပါဘူး၊ ဘာဖြစ်လို့တုံး၊ ကောင်းသော ရောင်းခြင်း၊ ကောင်းသောဝယ်ခြင်းပဲ။ သူတစ်ပါးလည်း စားသာအောင် မုသားလည်း မသုံးပါဘူး။ ဒီလိုနဲ့ပဲ ကျုပ်ဖြင့် သားတွေ သမီးတွေ ကျွေး၊ ဒါနဲ့ပဲ လှူဒါန်းလာခဲ့တာပဲ။

အံမာ . . . သူ့ဟာနဲ့သူတော့ ကိုဝဟုတ်နေတာ. . . (မှန်ပါ့)။

ဘာနဲ့ ဟုတ်နေတာတုံး . . . (သီလနဲ့ ဟုတ်နေတာပါ)၊ ဒါဖြင့် သစ္စာကျတော့ သူဘယ့်နှယ်နေသတုံး . . . (မရှိပါဘုရား)၊ မရှိတော့ သစ္စာမသိတာက ဘယ်သူပါလိမ့် . . . (အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် . . . သူမှာ **အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ** - ဆိုတဲ့ဥစ္စာက သူ့မှာ အကြိမ်ပေါင်း တစ်နေ့ ဘယ်လောက်တုံး . . . (မရေတွက်နိုင်ပါဘုရား)၊ မရေတွက်နိုင်

တော့ ဒီအပြစ်က လွတ်ပါ့မလား . . . မလွတ်ဘူးလား . . . (မလွတ်ပါဘုရား)။

ဒါဖြင့် ဩော် . . . ဒကာ ဒကာမတို့ မသိတဲ့ လူပြော တော့ မသိသလိုနဲ့ဘဲ မသိတဲ့လူက အင်း . . . သူတော်လိုက် တာလို့ ချီးမွမ်းရတော့မလိုလိုဘဲ . . . (မှန်ပါ့)၊ သဘောကျ ပလား . . . (ကျပါပြီ)။

## သီလအသားယူပြီး ပြောနေတယ်

မသိတဲ့လူက သူက သီလအသားယူပြီး ပြောနေတာကိုး . . . (မှန်ပါ့) သီလအသားယူပြီး ပြောနေတော့ ဒီကလည်း ဒီလောက်မှ မရှိကဲ့ ပုဂ္ဂိုလ်ဆိုတော့ ကိုဝရေ . . . တော်ပေသကွာ . . . အံမာ . . . တော်သေးသကွာ လို့တောင် ခင်ဗျားတို့က လက် ခုပ်တီးသေးတယ် . . . (မှန်ပါ့)။

တော်သလား . . . (မတော်ပါဘုရား)၊ ဘာလိုနေသတုံး . . . (သစ္စာမသိပါဘုရား)၊ သစ္စာမသိတာက ဘယ်သူတုံး . . . (အဝိဇ္ဇာပါဘုရား)၊ ဒါဖြင့် အဝိဇ္ဇာကရှိတော့၊ အဝိဇ္ဇာက သူတင် လားလို့ မေးတော့ အဝိဇ္ဇာပစ္စယာသင်္ခါရာ . . . (မှန်ပါ့)၊ သင်္ခါရ ပစ္စယာ . . . (ဝိညာဏ်ပါဘုရား)၊ ကဲ . . . သွားလိုက်ပါတော့ . . . **ဇာတိ**၊ ဇရာ မရဏ မရဘူးလား . . . (ရပါတယ်ဘုရား)။

အဲဒါ ဆုံးသွားလိုက်တော့ ဒုက္ခက္ခန္ဓသာ သမုဒယော ဟောတိ ဒုက္ခဖြစ်ကြောင်းပဲ သူလုပ်နေတယ်တဲ့ . . . (မှန်ပါ့)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီ)၊ ဘာဖြစ်ကြောင်းတဲ့တုံး . . . (ဒုက္ခဖြစ်ကြောင်းပါဘုရား)၊ တစ်နေ့ ဘယ်နှစ်ကြိမ်တုံးမေးတော့ သူမသိတဲ့ အချိန်က . . . (မရေတွက်နိုင်ပါဘုရား)။

လုံးဝမှ မပါဘဲ . . . (မှန်ပါ့)၊ လုံးဝမပါတော့ ခန္ဓာက ဘယ်လိုပြောနေနေ သူ ဒုက္ခသစ္စာလို့ သိသေးရဲ့လား . . . (မသိပါဘုရား)၊ မသိတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရပေါင်း တစ်နေ့ အကြိမ် ဘယ်လောက်ရှိမလဲ . . . (မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် သွားရော . . . (မှန်ပါ့)၊ ကိုဝ . . . အပါယ် သာတွန်းချလိုက်တော့ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

## လွတ်ရေးကျွတ်ရေးမြင်သေးရဲ့လား

သီလတန်ခိုးကြောင့် နတ်ပြည်ရောက်၊ အဝိဇ္ဇာ တန်ခိုး ကြောင့် အပါယ်သွားဆိုတော့ . . . လွတ်ရေး ကျွတ်ရေးမြင် သေးရဲ့လား . . . (မမြင်ပါဘုရား)၊ သူ့သီလနဲ့သူ ဖြစ်တဲ့ အဝိဇ္ဇာ ကိုပေါ်က ချိန်ကြည့်စမ်း။ မျှရဲ့လား . . . (မမျှပါဘုရား) မမျှ ဘူးဆိုတာ ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

အေး . . . ဒါကြောင့် အခါကောင်း အခွင့်ကောင်းကြုံ တုန်းကို ခင်ဗျားကို ခုနင်က ၁၃ မိုင် ပတ်လည်ရှိတဲ့၊ ရေကန်ကြီးထဲမှာ ရှိတဲ့ ရေကလေး သဖန်းမြက်ဖျားနဲ့ တို့ တစ်ခုတစ်မှုန် တစ်ခုတစ်မှုန်ဆိုရင် ဒီအထဲမှာ အမှုန်ပေါင်း ရေတွက်နိုင်ကြပါ့မလား . . . (မရေတွက်နိုင်ပါဘုရား)။

အဲဒီ ဒုက္ခတွေဟာ ခင်ဗျားတို့က ဝိဇ္ဇာ မဖြစ်သရွေ့ ကာလပတ်လုံး အကုန်ရှိတယ် . . . (မှန်ပါ့)။

သစ္စာမသိသေးသရွေ့ ကာလပတ်လုံး . . . (အကုန်ရှိပါတယ်)၊ ဒါဖြင့် ဒုက္ခပေါင်း အရေအတွက် ဘယ်လောက်ပါလိမ့် . . . (မရေတွက်နိုင်ပါဘုရား)၊ ကိုင်း . . . ဒကာ ဒကာမတို့ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် . . . သစ္စာမသိတဲ့ပုဂ္ဂိုလ် ခုနကပြောတဲ့စကား ပြန်နိဂုံးချုပ်လိုက်၊ နိဗ္ဗာန်မရှိဘူး . . . (မှန်ပါ့ဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ သစ္စာမသိတဲ့ ပုဂ္ဂိုလ်မှာ . . . (နိဗ္ဗာန်မရှိပါဘုရား)၊ နိဗ္ဗာန်မရှိဘူးဆိုတော့ အားလုံး ဒကာ ဒကာမတွေ ကျေနပ်ကြပလား (ကျေနပ်ပါပြီ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

## သစ္စာသိအောင် ပြောကြပါစို့

အေး . . . ဒါကြောင့် ကဲ. . . ဒါဖြင့် ပြောကြပါစို့ . . . သစ္စာသိအောင်နော်၊ သစ္စာသိအောင် ပြောကြပါစို့။ ဒကာ

ဒကာမတို့ . . . သစ္စာမသိလို့ရှိရင် ဒုက္ခအနန္တကြီးက ကျန်နေလို့ ကိုဝ မဟောထိုက်ဘူးလား . . . ဟောထိုက်သလား . . . (ဟောထိုက်ပါတယ်ဘုရား)၊ မဟောလို့ရှိရင် ဖြစ်ကို ဖြစ်ပါ့မလား . . . (မဖြစ်ပါဘုရား)။

မဖြစ်တော့ဘူးဆိုတဲ့တရားပါပဲ။ ဒကာ ဒကာမတို့ မဟောရင် လုံးဝကို မဖြစ်တဲ့တရားလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့)၊ ဦးဘကလေး ဟောရမယ် . . . (မှန်ပါ့)။

## သစ္စာပြောမယ်ဆိုရင်

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာများ ဟောနိုင်တဲ့ ဆရာသမားတွေ့ရင်ကွာ . . . တဲ့။ မင်းက အသက်တစ်ရာ ရှည်ပါလိမ့်မယ်။ တစ်နေ့ကို မနက်လှံအချက် သုံးရာထိုးလိမ့်မယ်။ နေ့လယ် သုံးရာထိုး။ ညနေ သုံးရာထိုး၊ အဲ . . . ကိုးဆယ့်ကိုးနှစ်ကျော်မှ တစ်ရာပြည့်ကာနီးမှ သစ္စာပြောမယ်ဆိုရင်ဖြင့်တဲ့၊ ရက်ပေါင်းများစွာ လှံထိုးတာတွေ . . . ခံသာခံလိုက် . . . (မှန်ပါ့)။

ခုနင်က ရေမှုန်ဒုက္ခနဲ့စာတော့ ဒီလှံထိုးချက်က ဖြစ်လောက်ကဲ့လား . . . (မဖြစ်လောက်ပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## တစ်နေ့ကို လုံနဲ့ အချက်ကိုးရာ အထိုးခံ

အဲဒါကြောင့် ဒကာ ဒကာမတို့ သစ္စာသိအောင် ပြောနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ ကြုံလို့ရှိရင်ဖြင့် လှံအချက် တစ်နေ့ကို ကိုးရာအထိုးခံ၊ အသက်တစ်ရာပြည့်ရင် နောက်ဆုံးသေကာနီး ရက်မှာ သစ္စာသိအောင် ခံလိုက်ကွဆိုတော့ ကိုဝ . . . ဒါ အရေး တကြီးပြောတဲ့စကား ဟုတ်မဟုတ် . . . (ဟုတ်ပါတယ်ဘုရား)။

နောက်က ဒကာ ဒကာမတွေ အရေးကြီးတဲ့စကားမှ ဟုတ်ပါရဲ့လား . . . (ဟုတ်ပါတယ်ဘုရား)၊ ဘယ်သူက ပြော တာတုံး . . . (ဘုရားက ပြောတာပါဘုရား)၊ သစ္စသံယုတ်မှာ ဘုရားက ပြောတယ်ဆိုတော့ ဒကာ ဒကာမတွေ အလွန်ရိပ်မိ ဖို့ ကောင်းသွားပြီ . . . (မှန်ပါ့ဘုရား)။

## စိတ်မချရတဲ့ ဝမ်းသာလုံးတွေ

အဲဒါကြောင့် ခင်ဗျားတို့ ကျောက်အရောင်းအဝယ်နဲ့၊ ခင်ဗျားတို့တွင်းနဲ့ ခင်ဗျားတို့ အကျိုးပေးနေတာကလေးတွေကို ဘုန်းကြီးများသည် ဝမ်းသာပါတယ်၊ တိုက်တွေတည်၊ ကားတွေ ဝယ်ကြ၊ အမျိုးမျိုးအဖုံဖုံ၊ ဝမ်းသာငြားသော်လည်း စိတ်မချရတဲ့ ဝမ်းသာလုံးတွေ . . . (မှန်ပါ့ဘုရား)။

ဘယ်လို ဆိုကြမလဲ . . . (စိတ်မချရတဲ့ ဝမ်းသာလုံးတွေ ပါ)။ သြော် . . . ယနေ့ သူဌေးကြီး၊ နက်ဖြန် ခွေးကြီးကိုး . . .

(မှန်ပါ့)၊ ဒီလိုဖြစ်သွားမှာ စိုးရိမ်ရတယ် . . . (မှန်ပါ့)၊ ယနေ့ သူဌေးကြီး မနက်ဖြန် ခွေးဆိုတော့ ကိုဝ . . . ကောင်းသေးရဲ့လား . . . (မကောင်းပါဘုရား)။

## တောဒေယျပုဏ္ဏားကြီး

တောဒေယျပုဏ္ဏားကြီးဟာ ယနေ့ သူဌေးကြီးပဲ . . . (မှန်ပါ့)၊ မြေထဲမှာ ကုဋေလေးဆယ် မြုပ်နိုင်တယ်။ သုံးဖို့ အပေါ်မှာ နေ့တိုင်းသုံးဖို့ ကုဋေလေးဆယ် ပုံထားတယ်။ မောင်နိုင် နက်ဖြန် ခွေးကြီးသွားဖြစ်တယ် . . . (မှန်ပါ့ဘုရား)။

သစ္စာမသိတော့ ဘယ်လောက် ကြောက်စရာ ကောင်းသတုံး . . . (ကောင်းပါတယ်ဘုရား)၊ ရှင်းကြပလား . . . (ရှင်းပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ ကျန်းမာချမ်းသာမှုနဲ့ နေတာကိုလည်း ဘုန်းကြီးများက အင်မတန် ဝမ်းသာတယ်။ ဘာ့ကြောင့် ဝမ်းသာသတုံးဆိုလို့ရှိရင်ဖြင့်တဲ့၊ ဩော် . . . ဒီဒကာ ဒကာမတွေ ပုဗ္ဗေစက တပုညတာ = ရှေးက ပြုလုပ်ခဲ့ဖူးတဲ့ ကောင်းမှုအထူး ရှိပါပေတယ်လို့ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

## အသစ်ဒုက္ခလွတ်ရေးကိုရှာပါ

ရှေးက ပြုဖူးတဲ့ ကောင်းမှုထူးရှိပါပေတယ် . . . (မှန်ပါ့) ရှိပေမယ့် အပေါင်းစားဖြစ်သွားတယ် . . . (မှန်ပါ့)၊ အသစ် ဒုက္ခလွတ်ရေးကို မရှာဘူး . . . (မှန်ပါ့)၊ မရှာတာက သစ္စာမသိ တော့ မရှာဘူး . . . (မှန်ပါ့)၊ ဒီလိုဆိုတော့ တို့ လိုသေးတယ် ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီ)၊ ရှင်းပြီနော် . . . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဟောပါတော့မယ်တဲ့။ သစ္စာဟောဖို့ရဲ့ အကြောင်းကို ခင်ဗျားတို့က သာမညပုဂ္ဂိုလ်ကလည်း မဟောနိုင်၊ ခင်ဗျားတို့ကလည်း သာမညနားနဲ့ကလည်း မထောင်နိုင်၊ ဘယ့်နှယ်ကြောင့်တုံး၊ အရေးကြီးမှန်း မသိတော့ ခက်တယ် . . . (မှန်ပါ့)၊ အခုတော့ သူ့ထက် အရေးကြီးတာ ရှိသေးသလား . . . (မရှိပါဘုရား)၊ မရှိဘူးဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီ ဘုရား)။

ကဲ . . . ဒါဖြင့် သစ္စာပြောပါတော့မယ်ဆိုတော့ ဒကာ ဒကာမတို့ သစ္စာဆိုတာ တခြားမမှတ်နေနဲ့နော် . . . (မှန်ပါ့) ဘာတုံးမေးလို့ရှိရင် ခင်ဗျားတို့၏ ခန္ဓာငါးပါး တစ်ပါးပါးသည် သစ္စာပဲ. . . (မှန်ပါ့)။

## ခန္ဓာငါးပါး တစ်ပါးပါးသည် ဒုက္ခသစ္စာ

ခန္ဓာငါးပါး တစ်ပါးပါးသည် . . . (သစ္စာပါဘုရား) ဒါ . . . ဒုက္ခသစ္စာနော် . . . (မှန်ပါ့)။

ခန္ဓာငါးပါး တစ်ပါးပါးသည် . . . (ဒုက္ခသစ္စာပါ) ဪ . . . ဒါဖြင့် ခန္ဓာငါးပါး တစ်ပါးပါးကို တို့ပိုင်ပိုင်နိုင်နိုင် သိလို့ရှိရင် ဖြင့် သူ့ခန္ဓာအကြောင်း ကောင်းကောင်း သိလို့ရှိရင်၊ ခန္ဓာ၏ ဖြစ်ပုံ ကောင်းကောင်းသိလို့ရှိရင်ဖြင့် ခန္ဓာ၏ အနေအထားကို ကောင်းကောင်းသိလို့ရှိရင် သစ္စာသိတာပါပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ခန္ဓာ၏ အနေအထား ကောင်းကောင်းသိရင် . . . (သစ္စာ သိပါတယ်ဘုရား)၊ သစ္စာသိတာပါပဲဆိုတာ သဘောကျ ပလား . . . (ကျပါပြီဘုရား)။

## ဒုက္ခသစ္စာရယ်လို့ မသိဘူး

အခုတော့ ဒကာ ဒကာမတွေသိတဲ့ သစ္စာက ဘယ်လို နေသတုံး၊ ယားတယ်ဆိုလို့ရှိရင်ဖြင့် ယားတယ်ဆိုလို့ရှိရင်ဖြင့် ယားလိုက်တာတဲ့၊ ဒုက္ခသစ္စာရယ်လို့တော့ မသိဘူး . . . (မှန်ပါ့ ဘုရား)။

သိပြန်တော့လည်း ယားလိုက်တာ၊ စိတ်များ ပျက်ပါပေ့၊ ဒေါမနဿနဲ့ လာနေတယ် . . . (မှန်ပါ့)၊ ဒေါမနဿက သိတာမျိုး ဟုတ်ရဲ့လား . . . (မဟုတ်ပါဘုရား)။

ဒေါမနဿ သိတာမျိုး မဟုတ်ဘူး၊ ဒေါမနဿက စိတ်ပျက်တယ်၊ ယားလို့ စိတ်ပျက်တယ် . . . (မှန်ပါ့)၊ ယားလို့ ဉာဏ်နဲ့ သိတာ၊ ဒုက္ခသိတာရယ်လို့ သိတာဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘုရား)၊ ဒါဖြင့် အင်မတန်ကွာခြားမနေဘူးလား . . . (ကွာခြားနေပါတယ်ဘုရား)။

## ရှင်အာနန္ဒာက မှာတယ်

အေး . . . ဒါကြောင့် အိမ်မှာလည်း ဒကာ ဒကာမတွေ တွေးကြပါဆိုတဲ့ဥစ္စာ ရှင်အာနန္ဒာများ ဒကာကြီးလှိုင် မှာလိုက်တာလေ။ မင်းအမျိုး-မင်းအနွယ်၊ မင်းကြည်ညို မင်းဝတ်ပြုနေတဲ့ ပုဂ္ဂိုလ်ဖြစ်စေ၊ မင်းသနားတဲ့ ပုဂ္ဂိုလ်ဖြစ်စေ၊ အလုံးစုံကွာ . . . တဲ့၊ မင်းသနားလို့ရှိရင်ဖြင့် ဒိပြင်အမွေတွေ ဘာမှမပေးနဲ့။ ဒီသစ္စာသိဖို့ အမွေကလေးတစ်လုံးသာ ပေး . . . ၊ (မှန်ပါ့) ဒါ သူတို့ ဒုက္ခကျွတ်သွားလိမ့်မယ်။

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ရှင်အာနန္ဒာမှာကတည်းကကိုက ကိုဝ သေချာပြီ . . . (သေချာပါပြီဘုရား)။

အဲဒါ အဖိုးတန်တဲ့ဆရာက ပြောနေလို့ အဖိုးတန်တယ်လို့ မအောက်မေ့ပါနဲ့။ ဒါ. . . ပါဠိတော်ချည်းပဲလို့မှတ်လိုက် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘာတွေပါလိမ့် . . . (ပါဠိတော်တွေပါဘုရား)၊ ပါဠိမှာ ရိုးရိုးမဟုတ်ပါဘူး။ "တော်" ပါလာသေးတယ်နော် . . . (မှန်ပါ့ ဘုရား)။

## ကိုယ်တော်တိုင်ဟောတာ

ဒိပြင်ဟာတော့ ပါဠိလို့ သုံးတယ်။ ဒီဟာကျတော့ တော်ပါလာတယ်။ သဘောကျပလား . . . (ကျပါတယ် ဘုရား)။

တော်ပါလာတာက ဘယ်သူတုံး. . . (ဘုရားဟော တာပါဘုရား) ကိုယ်တော်တိုင်ဟောတာ . . . ဒါက ပါဠိ ပါဠိသားတွေပဲဆိုတာက သူကိုယ်တိုင်ဟောတာ မဟုတ်ပါဘူး။ ရှင်းပလား . . . (မှန်ပါ့) သာဝကတွေ ဟောတာ ဖြစ်နေတယ်။

အဲဒီတော့ ဒကာ ဒကာမတို့ ဒါ ပါဠိတော်ဆိုတော့ ရိပ်မိပြီ . . . (မှန်ပါ့)၊ ကိုင်း . . . ဒါဖြင့် . . . သစ္စာရှာကြစို့ . . . (မှန်ပါ့)။

## စာကရေးတဲ့သစ္စာ မလိုချင်

သစ္စာရှာကြစို့ဆိုတော့ လွယ်ပါတယ်။ ဒကာ ဒကာမတို့ သစ္စာရှာချင်တော့ လွယ်ပါတယ်။ စာက ရေးတဲ့ သစ္စာကို မလိုချင်၊ ခန္ဓာထဲ အခုပေါ်တဲ့သစ္စာကို လိုချင်သည်။ ဒါလည်း မတ်ကြပါဦး . . . (မှန်ပါ့)။

စာက ရေးတဲ့သစ္စာကို မလိုချင်ပါဘူးနော် . . . (မှန်ပါ့) စာက ရေးတဲ့သစ္စာကို . . . (မလိုချင်ပါဘုရား)၊ ခန္ဓာက အခု ပြောတဲ့ သစ္စာကို . . . (လိုချင်ပါတယ်ဘုရား)၊ ဒီရောက်ရမယ် ဆိုတာကော သဘောပါပလား . . . (ပါ, ပါပြီဘုရား)။

စာမှာ ပါသားပဲလို့ ဆိုလို့ရှိရင် ဒီ ဒကာ ဒကာမတွေ နိဗ္ဗာန်မရောက်ပါဘူး . . . (မှန်ပါ့)။

## စာသိနှင့် ပညာသိ

ဘာဖြစ်လို့တုံးဆိုလို့ရှိရင် စာသိက ကိုဝ သညာ . . . (မှန်ပါ့)၊ ကိုယ့်ခန္ဓာထဲ ကိုယ်သိတာက ပညာ . . . . (မှန်ပါ့)၊ သညာနဲ့ ပညာ ကွာခြားတယ် . . . (ကွာပါတယ်ဘုရား)။

သညာနဲ့ပညာ . . . (ကွာခြားပါတယ်)၊ ရှင်းပလား . . . (ရှင်းပါပြီ) သညာက ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူး. . . (မှန်ပါ့)၊ ပညာက ပဋိစ္စသမုပ္ပါဒ်ပြတ်တယ် . . . (မှန်ပါ့)၊ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

သညာက . . . (ပဋိစ္စသမုပ္ပါဒ် မပြတ်ပါဘုရား)၊ အဲ . . . ဒုက္ခကို မဖြတ်နိုင်ဘူး . . . (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒုက္ခပဲ. . . (မှန်ပါ့ဘုရား)။

## စာသမားကို အားကိုးမနေနဲ့ဦး

ပညာကတော့. . . (ဖြတ်နိုင်ပါတယ်ဘုရား)၊ ဖြတ်နိုင်တယ်ဆိုတော့ ကိုဝ. . . စာသမားကို ခင်ဗျားတို့က အားကိုးမနေနဲ့ဦး. . . (မှန်ပါ့)။

ရှေ့ကတော့ အို သူကစာဖတ်တတ်တယ်၊ သူကတော်တယ်၊ စာဆိုသူက တော်တော်မွှေနှောက်ထားတာ၊ အင်း . . . ခန္ဓာမွှေနှောက်တယ်လို့ ပါရဲ့လား. . . (မပါ,ပါဘုရား)၊ စာမွှေနှောက်ထားတာလို့ ပြောနေတယ်. . . (မှန်ပါ့)။

အဲဒီကတည်းက ရှိတဲ့ဆီ ရှာတာလား၊ မှတ်တမ်းထဲရှာနေတာလား. . . (မှတ်တမ်းထဲ ရှာနေတာပါဘုရား)။

မှတ်တမ်းထဲရှာလို့ရှိရင်ဖြင့် စာရင်းစာအုပ်ထဲမှာ ငွေမရှိသလိုပဲ အဲဒီထဲ သွားမရှာနဲ့. . . (မှန်ပါ့)၊ ကိုယ်ထားတဲ့ မီးခံသေတ္တာထဲမှာဖြစ်စေ၊ တခြားသော သားရေအိတ်ထဲမှာဖြစ်စေရှာရင်တော့ ငွေတွေ့မယ်. . . (မှန်ပါ့)။

မှတ်တမ်းထဲ သွားရှာလို့မရှိရင်ဖြင့် ငွေစက္ကူနံပါတ်တောင်မပါဘူး. . . (မှန်ပါ့)၊ ပါ ပါ့မလား. . . (မပါ,ပါဘုရား)၊ ကဲ. . . ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ခန္ဓာညဏ်ရောက်တဲ့ ပုဂ္ဂိုလ်အရေးကြီးတယ်

ဒါဖြင့် စာသမားလည်း အားကိုးလို့ မရသေးဘူး၊ ခန္ဓာညဏ် ရောက်တဲ့ ပုဂ္ဂိုလ်အရေးကြီးတယ်. . . (မှန်ပါ့)။

ကိုပေါ် ဘာအရေးကြီးသတုံး. . . (ခန္ဓာဉာဏ်ရောက်တဲ့ ပုဂ္ဂိုလ် အရေးကြီးပါတယ်ဘုရား)။

ခန္ဓာဉာဏ်ရောက်တဲ့ပုဂ္ဂိုလ် အရေးကြီးတယ်ဆိုတာ လည်း ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ ကဲ. . . ဒါဖြင့် ခန္ဓာထဲ ရှာကြစို့. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘယ်ထဲရှာကြမယ်. . . (ခန္ဓာထဲ ရှာပါ မယ်ဘုရား)။

## အခု လမ်းညွှန်ကောင်းနဲ့ တွေ့နေတာ

ခန္ဓာထဲ ရှာမယ်ဆိုတော့ လွယ်ပါတယ်တဲ့။ အခု ဆရာကောင်း သမားကောင်း၊ လမ်းညွှန်ကောင်းနဲ့ တွေ့နေတာ . . . ကိုဝ၊ ဒါ မခဲယဉ်းပါဘူး. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ အခု ဘုန်းကြီးပြောတဲ့အသံကို ကြားရဲ့ လားလို့ မေးလို့ရှိရင်ဖြင့် ဘယ့်နှယ်ဖြေပါ့မလဲ. . . (ကြားပါတယ် ဘုရား)။

အဲဒါဟာ နားထဲမှာ ကြားစိတ်ကလေးပေါ်တာ. . . (မှန်ပါ့ဘုရား)။

နားထဲမှာ. . . (ကြားစိတ်ကလေးပေါ်ပါတယ် ဘုရား)။ နားထိုင်းဆိုရင် ပေါ်ပါ့မလား. . . (မပေါ်ပါဘုရား)။ ဝမ်းထဲ ကတည်းက နားပင်းလာတဲ့ပုဂ္ဂိုလ် . . . (မပေါ်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးအသံနဲ့ သူ့မှာ ကြားတတ်တဲ့ရုပ်နဲ့ တိုက်ဆိုင်တာနဲ့ နားထဲမှာ အမွေးနုပေါက်ရာမှာ ကြားစိတ်ကလေးပေါ်တယ်. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဒီကြားစိတ်ကလေးပေါ်တာ သိသွားပလား. . . (သိသွားပါပြီဘုရား)။

## ကြားစိတ်က ဝိညာဏက္ခန္ဓာ

အဲဒီ ကြားစိတ်ကလေးဟာ ဒကာ ဒကာမတို့ ဩော် . . . ကြားစိတ်ကလေး ကြည့်တာပေါ့တဲ့။ ကြားစိတ်ကလေးကဒါ. . . ကိုယ့်ခန္ဓာပဲလို့ မှတ်လိုက်. . . (မှန်ပါ့)။ ဝိညာဏက္ခန္ဓာ . . . (မှန်ပါ့ဘုရား)။

ကြားတိုင်း-ကြားတိုင်း ကြားတဲ့စိတ်ကလေးဟာ နားထဲပေါ်တယ်. . .။ ပေါ်တိုင်း-ပေါ်တိုင်း သူ့ကို ဘာဆိုကြမလဲ . . . (ဝိညာဏက္ခန္ဓာပါဘုရား)။

ဒီ ဝိညာဏက္ခန္ဓာက အခုကြားတဲ့ပုဂ္ဂိုလ် သန္တာန်ပေါ်တဲ့ခန္ဓာ. . . (မှန်ပါ့)။ တခြားသော ပုဂ္ဂိုလ်သန္တာန်ပေါ်တာ ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား)။

ဒါဖြင့် ဒီခန္ဓာကလေးဟာ သူ့ခန္ဓာပဲဆိုကြစို့ဆိုတော့ ကြားတဲ့ ပုဂ္ဂိုလ်၏ခန္ဓာပဲ. . . (မှန်ပါ့) ဆိုနိုင်ကြရဲ့လား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီကြားတဲ့ ပုဂ္ဂိုလ်၏ ခန္ဓာထဲမှာ ဒါ ဝိညာဏက္ခန္ဓာ ဆိုတာဟာ ဒကာ ဒကာမတို့ ခန္ဓာပဲဆိုတာ သိသွားကြပြီ. . . (မှန်ပါ့)၊ ခန္ဓာသည် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ဒါဖြင့် ငါ့သန္တာန် ဒုက္ခသစ္စာကလေးပေါ်ပြီလို့ ဒီက စ,သိလိုက် . . . (မှန်ပါ့)။

ဘာသစ္စာပေါ်တာသတုံး. . . (ဒုက္ခသစ္စာ ပေါ်လာပါ တယ်ဘုရား)။

## သစ္စာဆိုတာ အခုကြားတဲ့စိတ်

ကဲ. . . ကိုဝ. . . ခက်သလားဗျာ. . . (မခက်ပါ ဘုရား)၊ နားမလည်တာ လည်အောင်ပြောတတ်တဲ့ ဆရာသမား နဲ့ ကြုံပြန်တော့လည်း ဩော်. . . ဒုက္ခသစ္စာဆိုတာ အခုကြားတဲ့ စိတ်ကလေးဆိုတာပါလား. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

သစ္စာဆိုတာ ဘာပါလိမ့်. . . (အခုကြားတဲ့စိတ်ကလေး ဆိုတာပါဘုရား)။

ကြားတဲ့စိတ်ကလေးဆိုတာပဲ ဒကာ ဒကာမတို့နော် . . . အဲဒီကြားတဲ့စိတ်ကလေး ကြားပြီးသကာလ ကြားတဲ့စိတ် ကလေးက ကြားပြီးတော့ ချုပ်သွားတာပဲ. . . (မှန်ပါ့)။

ကြားပြီ ဒကာ ဒကာမတွေက ဩော်. . . ဒါကလေးဟာ ငါ့သားကလေးက ခေါ် လို့ကြားတာပဲဆိုပြီး ကြားစိတ်ကလေးဆို ပြီးသကာလ၊ သားကလေး အသံကြားတဲ့ ကြားစိတ်ကလေးပေါ် ပြီး သကာလ ဟိုက ငိုတဲ့အသံကလေးကြားတော့ ကြားစိတ် ကလေးပေါ်တယ်နော်. . . (မှန်ပါ့)။

ကြားတော့ ကလေးလေးဆီကို သွားချင်တဲ့စိတ်ကလေး ကော မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)၊ အင်း. . . ဘယ့် နှယ်ကြောင့် သွားချင်ပါလိမ့်မတုံးဆိုတော့ ကိုယ်မွေးထားတဲ့ သားကလေးမို့ ကိုယ်ခင်တယ် မလာဘူးလား. . . (လာပါတယ် ဘုရား)။

## ခင်တဲ့စိတ်

ကြားစိတ်ကလေးမရှိဘူး၊ ခင်စိတ်ကလေးနဲ့ ဒကာ ဒကာမတွေမှာဖြစ်နေတယ်. . . (မှန်ပါ့)၊ မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

ဒီ ခင်စိတ်ကလေးကလည်း ဘာသစ္စာတုံးလို့ မေးပြန် တော့. . . (ဒုက္ခသစ္စာပါဘုရား)၊ သူလည်း ခင်ဗျားတို့သန္တာန်ပေါ် တော့. . . ဝိညာဏက္ခန္ဓာပဲကိုး. . . (မှန်ပါ့)၊ ဒါဖြင့် သူ ဘာ သစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

## ဒုက္ခသစ္စာလို့ သိသိသွားပါ။

ထားဦး. . . ထားဦး. . . ဒုက္ခသစ္စာပဲလို့ သိသိသွားပါ . . . (မှန်ပါ့ဘုရား)။

ကဲ. . . တစ်ခါ သွားပါဦး. . . ကြားပြီးသည်၏အခြားမဲ့၌ အို. . . ကြားကာမျှနေသလား. . . တဲ့။ စွဲစွဲလမ်းလမ်းပဲ ရှိသလားလို့မေးရင်. . . (စွဲစွဲလမ်းလမ်းရှိပါတယ်ဘုရား)။

ဟာ. . . ဒါဖြင့် ကြားစိတ်ကလေး တဏှာချုပ်ပြီး သကာလ ကိုဝ. . . ကိုပေါ်. . . ဥပါဒါန်စိတ် ဖြစ်တယ်. . . (မှန်ပါ့)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

## စွဲလမ်းတဲ့စိတ်

ဒုက္ခသစ္စာပဲ မှတ်ထားလိုက်တာပေါ့။ ဟာ. . . တို့သန္တာန်မှာ ကြားစိတ်ကလည်း ဒုက္ခသစ္စာ၊ ကြားလို့ ခင်တဲ့ စိတ်ကလေးကလည်း ဒုက္ခသစ္စာ၊ စွဲလမ်းတဲ့စိတ်ကလေးကော . . . (ဒုက္ခသစ္စာပါ)၊ ဒုက္ခသစ္စာတွေဆက်ဖြစ်သွားတာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

အင်း. . . ဒါဖြင့် သွားဦးမှပဲဆိုပြီးသကာလ နှုတ်က ပြောလိုက်တယ်၊ ကလေးငိုနေတယ်၊ သွားဦးမှပဲလို့ မထသေး ပါဘူး ကိုဝ. . . သွားဦးမှပဲဆိုတာ ကလေးကော မပြောဘူးလား . . . (ပြောပါတယ်ဘုရား)။

ပြောရင် စေတနာပါလို့ပြောတာ. . . (မှန်ပါ့)၊ စေတနာမပါရင်ကော. . . (မပြောပါဘူးဘုရား)။

## ဝစီကံ

အဲဒါကလေးက ဘာတုံးမေးတော့ **ဥပါဒါနပစ္စယာကမ္မဘဝေါ ဝစီကံကလေး** ဖြစ်လာတယ်. . . (မှန်ပါ့)။

ဒါ. . . ဘာပါလိမ့်. . .၊ ဝစီကံနော်. . . (မှန်ပါ့)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

အင်း. . . ကြည့်စမ်း. . . မောင်နိုင်. . . ။ ကြားစကစ,ပြီးတော့ ဘာသစ္စာတွေတန်းသလဲ. . . (ဒုက္ခသစ္စာတွေ တန်းပါတယ်ဘုရား)။

## ဒုက္ခသစ္စာတွေ တန်းနေပြီ

ဩော်. . . ဒါ ဒုက္ခသစ္စာတွေချည့် တန်းနေပြီဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ကြားစိတ်ကလည်း ဒုက္ခသစ္စာ၊ ကြားလို့ခင်တာကလေးကလည်း. . . (ဒုက္ခသစ္စာပါ)၊ ကြားလို့ စွဲလမ်းတာကလေးကကော. . . (ဒုက္ခသစ္စာပါ)၊ ဒါဖြင့် ကြားလို့သွားဦးမှပဲလို့ ပြောတဲ့ ဝစီကံကလေးဟာကော. . . (ဒုက္ခသစ္စာပါ)၊ ဒုက္ခသစ္စာပဲ။

ဟုတ်တယ်-မဟုတ်တယ် ဘုန်းကြီးကတစ်ခါရှင်းပြီးပြပါ ဦးမယ်၊ ဒါ ဒုက္ခသစ္စာပဲဆိုတဲ့ဉစ္စာ သေသေချာချာရှင်းပြတဲ့အခါ ကျတော့ဖြင့် **သောတဥ္စပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ** ဆိုတဲ့ ကြားစိတ်ကလေး မောင်နိုင် မပေါ်ဘူးလား. . . (ပေါ်ပါ တယ်ဘုရား)။

အင်း. . . ကြားပြီးသည်၏ အခြားမဲ့၌ **တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ** ဝေဒနာတွေတော့ ကျော်လိုက်ပါတော့။ ဝေဒနာပစ္စယာ တဏှာဆိုတဲ့ ခင်စိတ်ကလေးကော. . . (ပေါ်ပါ တယ်)၊ တဏှာပစ္စယာ ဥပါဒါန်ဆိုတာကော. . . (ပေါ်ပါတယ် ဘုရား)၊ ဘာသစ္စာကလေးတွေချည့် လျှောက်ဖြစ်နေသလဲ. . .၊ (ဒုက္ခသစ္စာတွေချည့် လျှောက်ဖြစ်နေပါတယ်ဘုရား)။

## ကာယကံ

ဥပါဒါနပစ္စယာ ကမ္မဘဝေါ မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)၊ သွားဦးမှပဲဆိုပြီး ဝစီကံကလေးမလာဘူး လား. . . (လာပါတယ်) တော်တော်ကြာကျတော့ အင်း. . . ထကိုသွားတာပဲဆိုတော့ ကာယကံကလေးကော. . . (လာပါ တယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နဲ့လည်း ဒါ မကိုက်သေးဘူးလား . . . (ကိုက်ပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ကို အဆုံးရှတ်လိုက်

ကဲ. . . ပဋိစ္စသမုပ္ပါဒ်ကို ဦးဘရှင်းကဖြစ်စေ၊ ကိုပေါ်က ဖြစ်စေ အဆုံးရှတ်လိုက်စမ်းပါတဲ့။ အလယ်ဟာတွေ ကျုပ်တို့ ပြောနေရင် ရှည်နေမှာစိုးလို့ အဆုံးရှတ်လိုက်တော့ ကိုပေါ် ဘာတွေ့သလဲ. . . (ဒုက္ခက္ခန္ဓသ တွေ့ပါတယ်ဘုရား)။

ဟော. . . ဒုက္ခက္ခန္ဓသ တဲ့၊ ဒုက္ခအစုကြီးကွ. . . ဆို တော့ ဒုက္ခသစ္စာလို့ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

နောက်က ဖြစ်ခဲ့တာဟူသရွေ့ ဘာချည်းတဲ့တုံး. . . (ဒုက္ခချည့်ပါဘုရား)၊ ဒုက္ခသစ္စာချည့်ပဲဆိုတာ ဘုရားကပဲ တာဝန် မခံဘူးလား. . . (ခံပါတယ်ဘုရား)။

ဒါ ဘုရားဟောလို့သိရတာလား. . . တဲ့။ ခင်ဗျားတို့ ဖြစ်စဉ်ကို ဘုရားက လက်ညှိုးထိုးတာလား. . . (ဖြစ်စဉ်လက်ညှိုး ထိုးတာပါဘုရား)။

## ဘုရားက ဖြစ်စဉ်ကိုလက်ညှိုးထိုးပြတယ်

အဲ. . . ဘုရားက ဟောတာမဟုတ်ဘူး၊ ခင်ဗျားတို့ဖြစ် စဉ်ကို လက်ညှိုးထိုးပြတာ. . . (မှန်ပါ့)။

ဘုရားဟောလို့သိရပေသည်. . . (မှန်ပါ့)၊ ရှိတာက ကော. . . (ဒုက္ခသစ္စာပါဘုရား)။

ဒီ ဒကာ ဒကာမတွေ သန္တာန်မှာရှိတယ်. . . (မှန်ပါ့)၊ ဘုရားက လက်ညှိုးထိုးဖော်ရတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ရှိတဲ့ ဒုက္ခသစ္စာက ခင်ဗျားတို့ဆီမှာ. . . (မှန်ပါ့)၊ ဘုရားက ဘာပြောဖော်ရသတုံးဆိုတော့ ဟောဒါ ဒုက္ခသစ္စာအတန်းကြီးကွာလို့. . . ကျုပ်တို့က သစ္စာမသိတဲ့ပုဂ္ဂိုလ်မို့ ဒုက္ခက္ခန္ဓသသမုဒယော ဟောတိဆိုပြီး ပြောရှာတယ်. . . (မှန်ပါ့)၊ ဒုက္ခတွေဖြစ်နေပြီဟော့။ တစ်ပုံကြီးပဲ၊ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

ပြောတော့ အခု တရားနာရတာ ဒကာ ဒကာမတွေ. . ဩော်. . . ဒုက္ခသစ္စာဆိုတာ ရှားသလား၊ ပေါသလား ပြောစမ်း. . . (ပေါပါတယ်ဘုရား)။

ပေါပြီးသကာလ မသိဘဲဖြစ်နေတယ်. . . (မှန်ပါ့)၊ ကျုပ်တို့ ဒီဂေါ်ကြီးမပေါ်ခင် ဂေါ်ကြီးတွေဟာ မပေါဘူးလား. . . (ပေါပါတယ်ဘုရား)၊ ရောင်းစားရမှန်း သိရဲ့လား. . . (မသိပါဘုရား)။

ပေါပြီး မသိဘဲဖြစ်နေတယ်. . . (မှန်ပါ့)၊ အခုသိလာတော့ ရှားတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ပေါပြီး မသိတုန်းကတော့ ဒါတွေဟာ ကျုပ်တို့

အလကားပဲ၊ ကြောင်ကျောက်တွေ ဘာလုပ်ဖို့တုံး၊ အနီထဲလည်း ကြောင်ထိုးလာရင် အလကားပဲ အပြာထဲလည်း ကြောင်ထိုးလာရင် ဦးဘရှင်း အလကားပဲ၊ ပေါပင်ပေါ်ပြောသော်လည်း အဖိုးတန်မှန်းမသိတော့. . . (မှန်ပါ့)။

## ခန္ဓာထဲမှာ သစ္စာတွေက ပေါပါရဲ့

ဒီမှာလည်း ခန္ဓာထဲမှာ သစ္စာတွေတော့ ပေါပါရဲ့ သစ္စာသိတဲ့ဉာဏ်က နောက်က မလိုက်တော့ အဖိုးတန်သေးရဲ့လား . . . (မတန်ပါဘုရား)။

ဒါဖြင့်. . . သူဟာသူဖြစ်နေတဲ့ ဒုက္ခသစ္စာ. . . (မှန်ပါ့)၊ ခင်ဗျားတို့ ဉာဏ်ဝရောက်တဲ့ ဒုက္ခသစ္စာလို့ ဆိုလို့ရရဲ့လား. . . (မရပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ရှေ့က ဒုက္ခသစ္စာသိခဲ့ရဲ့လားလို့မေးတော့. . . မသိခဲ့ပါဘူး. . . (မှန်ပါ့ မသိခဲ့ပါဘုရား)။

## ဒေါသသိနဲ့ဉာဏ်သိ

သိပါရဲ့ဘုရား ခွေးကိုက်တဲ့အခါ နာတာသိတယ်. . . (မှန်ပါ့)၊ ထမင်းစားမကောင်းရင် မကောင်းတာသိတယ်. . . (မှန်ပါ့)၊ အဲ့ဒါ ဒေါသသိကွ၊ ဉာဏ်သိမဟုတ်ဘူး. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါ ဘာသိပါလိမ့်. . . (ဒေါသသိပါဘုရား)၊ အရေးကြီး တာက ဘာအသိအရေးကြီးသလဲ. . . (ဉာဏ်သိ အရေးကြီး ပါတယ်)၊ ဉာဏ်သိကမှ ပဋိစ္စသမုပ္ပါဒ်ဖြတ်မှာကိုး. . . (မှန်ပါ့)။

ဉာဏ်သိကမှ ဖြတ်မှာဖြစ်နေတော့ ဉာဏ်သိက ဒုက္ခ ဖြတ်တယ်. . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် ဉာဏ်သိနဲ့ ဒုက္ခဖြတ်ကြပါစို့ဆိုတော့ ဒကာ ဒကာမတွေ ကလေးလေးက ကိုယ့်သားသမီးကလေး က အော်လိုက်တယ်။ ငိုသံကလေးနဲ့ အော်လိုက်တယ်၊ ကြား စိတ်ကလေး မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

## ကြားစိတ်ကလေးပေါ်ရင် ဒုက္ခသစ္စာသိပေးပါ

အင်း. . . ကြားစိတ်ကလေးပေါ်တာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် ပေါ်ရင် ဒုက္ခသစ္စာလို့ နောက်က သိပေး. . . (မှန်ပါ့)။

ပေါ်ရင်. . . (ဒုက္ခသစ္စာလို့ သိပေးရမယ်ဘုရား)၊ ဒုက္ခ သစ္စာနော်. . . ဒုက္ခသစ္စာလို့ဆိုတော့ ဒု-က စက်ဆုပ်စရာ၊ ခ- က အသုံးမကျတာ၊ သစ္စာက မှန်တာ၊ မောင်နိုင် မှတ်မိပလား . . . (မှန်ပါ့ဘုရား)၊ ဒု-က စက်ဆုပ်စရာနော်. . . ။ ခ-က အသုံး မကျတာ၊ သစ္စာက. . . (မှန်တာပါဘုရား)။

## ဒုက္ခသစ္စာဆိုတာ

ဒု-က ဘာတဲ့. . . (စက်ဆုပ်တာပါ) ခ-က. . . (အသုံးမကျတာပါ)၊ သစ္စာက. . . (မှန်တာပါဘုရား)။

ဒါဖြင့် စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန်ပေါ်တာ. . (မှန်ပ့ါ)၊ ကြားစိတ်ကလေးဟာ. . . (မှန်ပ့ါ)။

ကြားစိတ်ကလေးဟာ ဘာတဲ့. . . (စက်ဆုပ်စရာ၊ အသုံးမကျတာ၊ အမှန်ပါဘုရား)။

အမှန်ပေါ်တာကို ဘယ့်နှယ်ကြောင့် သူ့ကိုစက်ဆုပ်စရာ၊ အသုံးမကျတာ အမှန်ပါပဲလို့ ကျုပ်တို့က နောက်ကသိရမှာတုံးလို့မေးတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ သူဟာ အာရုံဒွါရ တိုက်ဆိုင်တာနဲ့ပေါ်လိုက်တာ. . . (မှန်ပ့ါ)။

## မွေးပြီး သေသွားတယ်

ဦးဘရှင်း ပေါ်ပြီးတော့ကို သူသည် သူ့မှာလည်း ဖြစ်ပြီးပျက်သွားတယ်. . . (မှန်ပ့ါ)၊ မွေးပြီး သေသွားတယ်. . . (မှန်ပ့ါ)၊ အသုဘကလေး ပေါ်လာတယ်. . . (မှန်ပ့ါ)၊ ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ဘာကလေးပေါ်လာသလဲ. . . (အသုဘကလေး ပေါ်လာပါတယ်)၊ အသုဘကို ဘာသစ္စာဖွဲ့မလဲ. . . (ဒုက္ခသစ္စာဖွဲ့ပါမယ်)၊ ကျုပ်တို့အိမ် အသုဘတွေ့ပြီဗျာ၊ ဒုက္ခပဲဆိုတာ လူတိုင်းပြောတယ်. . . (မှန်ပ့ါ)။

ကျုပ်တို့အိမ် အသုဘတွေ့ပြီ၊ ဒုက္ခပဲလို့ လူတိုင်းမပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

ဒီလိုဟာတော့ ပြောပါတယ်. . . သာကေတွေ ထင်ရှားတာတွေကျတော့ ကိုဝတို့က အလွန်ပြောပါတယ်. . . (မှန်ပါ့)။

တကယ် အစပျောက်သေတဲ့ ကြားစိတ်ကလေးကို အသုဘဒုက္ခသစ္စာလို့ တစ်ခါမှမပြောဘူး. . . (မှန်ပါ့)၊ ပြောကြရဲ့လား. . . (မပြောပါဘုရား)။

မပြောဘဲဖြစ်ပြီးသကာလနေတော့ အဲဒါ မသိလို့ဘဲဆိုတာ သေချာသွားပြီ. . . (သေချာသွားပါပြီ)၊ ဒါဖြင့်. . . မသိတာက အဝိဇ္ဇာ. . . (မှန်ပါ့)။

မသိတာက (အဝိဇ္ဇာပါဘုရား)၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရ ပစ္စယာ ဝိညာဏံဆိုပြီး ကိုပေါ်က ဒုက္ခက္ခန္ဓသသွားလိုက် . . . (မှန်ပါ့)၊ အကုန် ဒုက္ခအစုကြီးဖြစ်ကြောင်းတွေသာ ခင်ဗျားတို့ ကြိုးစားနေတယ်တဲ့။ ဒုက္ခသစ္စာသိတဲ့ မဂ္ဂသစ္စာပေါ်ရဲ့လား. . . (မပေါ်ပါဘုရား)။

## ပေါ်တဲ့စိတ်သည် ဒုက္ခသစ္စာလို့ ဉာဏ်နဲ့သိပေး

ကိုင်း. . . ဒါဖြင့် ဒီကရှေ့ ဒကာ ဒကာမတွေ ကြားစိတ်ကလေးပေါ်လာလို့ရှိရင် ပေါ်တဲ့စိတ်ကလေးသည် ဒုက္ခသစ္စာလို့ နောက်က ကိုဝတို့က ဉာဏ်နဲ့သိပေး. . . (မှန်ပါ့)။

ဘာဖြစ်လို့တုံးလို့မေးတော့ အသုဘကလေးကိုး. . . (မှန်ပါ့)၊ အသုဘဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာပဲဆိုတာ ဆင်းရဲတာအမှန်. . . (မှန်ပါ့)၊ ဘယ်သူသေတာတုံးကွ. . . (မိမိသေတာပါ)၊ မိမိသေတာ။

## မိမိသေတဲ့ဒုက္ခမိမိမသိဘူး

ဒကာ ဒကာမတို့ ခင်ဗျားတို့က သူများသေမှ ဒုက္ခရောက်တာ. . . (မှန်ပါ့)၊ မိမိသေတဲ့ဒုက္ခကို မိမိမသိဘူး. . . (မှန်ပါ့ဘုရား)။

ဟိုက အသုဘက သူများသေတဲ့ဒုက္ခက မောင်နိုင် ငွေကုန်ရုံပဲ. . . (မှန်ပါ့)၊ အခုဟာက ကိုယ့်ခန္ဓာပျောက်တာ. . . (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြပါလိမ့်. . . (ကိုယ့်ခန္ဓာပျောက်တာပါ)၊ ကိုယ့်ခန္ဓာပျောက်တာဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

ကဲ. . . ဘာပျောက်သတုံး. . . (ကိုယ့်ခန္ဓာပျောက်တာပါ)။ ကိုယ့်ခန္ဓာ ဒုက္ခရောက်တယ်. . . (မှန်ပါ့)၊ ဘာခန္ဓာတဲ့၊ ဝိညာဏက္ခန္ဓာ. . . (မှန်ပါ့)။

ဒီ ဝိညာဏက္ခန္ဓာကြီး ကိုဝ. . . ဘာဖြစ်သွားသတုံး. . . (ဒုက္ခရောက်သွားပါတယ်ဘုရား)။

ဒုက္ခရောက်တယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်)၊ ဒါဖြင့် သူ့ကို ဘာသစ္စာဖွဲ့ကြမလဲ. . . (ဒုက္ခသစ္စာဖွဲ့ရပါမယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ကိုယ့်အသေဒုက္ခတော့ ကိုယ် မသိဘူး၊ သူများသေတော့ ဩော်. . . အိမ်သားတစ်ယောက်ယောက်ဖောက်ပြန်ပြီး သေလိုက်လို့ရှိရင် ဒုက္ခပဲ၊ ကျုပ်တို့ အကုသိုလ်ဝင်ပြီထင်တယ်၊ ဒီလိုပြောချင်ပြောတာ. . . (မှန်ပါ့)၊ ကိုယ်သေတဲ့ဒုက္ခကျတော့ ကိုပေါ်တို့က ရှုမိရဲ့လား. . . (မရှုမိပါဘုရား)။

မရှုမိတော့ ခင်ဗျားတို့သည် အသုဘကိုသာသိ၍ ဒုက္ခသစ္စာမသိဘူး. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## အခုဟောတဲ့တရားက နှစ်ချက်သိတယ်

အခုဟောတဲ့တရားက အသုဘကလည်းသိ၊ ဒုက္ခသစ္စာကော. . . (သိပါတယ်ဘုရား)၊ နှစ်ချက်သိ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီကဲ့သို့သိနေတော့ ဩော်. . . ကိုယ့်သန္တာန်မှာကြားစိတ်ကလေးသည် ဒုက္ခသစ္စာပဲလို့ နောက်ကသိလိုက်တယ်။ သိလိုက်တော့ကို ဒကာ ဒကာမတို့ သိသည်နဲ့တစ်ပြိုင်နက်တည်း ခုနင်က ကြားလို့ခင်တာကလေးဟာလည်း လိုက်သေးရဲ့လား. .

(မလိုက်ပါဘုရား)၊ ခင်လို့ စွဲလမ်းတာကလေးဟာကော. . . (မလိုက်ပါဘုရား)၊ စွဲလမ်းလို့သွားမယ်၊ လာမယ်ပြောတဲ့ဝစီကံ ကမ္မဘဝကော. . . (မလိုက်ပါဘုရား)။

## လာလတ္တံ့ဒုက္ခတွေ အကုန်ချုပ်တယ်

ဒါဖြင့် ကမ္မဘဝမှမလိုက်ဘဲနဲ့ စုတေမနေ သေလွန်သည် ၏အခြားမဲ့၌ ကမ္မဘဝပစ္စယာ ဇာတိလိုက်လို့ကော. . . (မရပါ)၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿလိုက်လို့ကော. . . (မရပါ)၊ ဟာ. . . ဒါဖြင့် ဒုက္ခက္ခန္ဓဿ နိရောဓေါဟောတိ. . . (မှန်ပါ)။

ကိုပေါ် မှတ်စမ်း. . . (ဒုက္ခက္ခန္ဓဿ နိရောဓေါဟောတိ ပါဘုရား)။

မဂ်ကဝင်ပြီး ကြားတာကို ဒုက္ခသစ္စာသိတဲ့သဘောက နေပြီး လာလတ္တံ့ဒုက္ခတွေ အကုန်ချုပ်အောင် မလုပ်တော့ဘူး လား. . . (လုပ်ပါတယ်ဘုရား)။

အဲဒီတော့ ပါဠိတော်ရွတ်ပါ၊ ဘုန်းကြီးကဟောနေ တယ်လို့ မယူကြပါနဲ့. . . နော်. . . (မှန်ပါ)၊ ဘာတဲ့တုံး. . . (ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိပါဘုရား)။

ဒါ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊ ကဲ. . . ဦးဘရှင်း မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ဒီဒုက္ခက္ခန္ဓဿ နိရောဓော

ဟောတိ၊ ဖြစ်ပါလိမ့်မတုံး၊ ခုနတုန်းကတော့ ဒုက္ခက္ခန္ဓသဿ သမု ဒယော ဟောတိနဲ့. . . (မှန်ပါ)၊ အခုတော့ ကိုဝ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ ချုပ်သွားပြီလို့ မပြောဘူးလား. . . (ပြော ပါတယ်ဘုရား)။

## သစ္စာသိလိုက်လို့

ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးဆိုတာ သစ္စာသိလိုက်လို့ . . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ ဘာဖြစ်လို့ပါ လိမ့်. . . (သစ္စာသိလိုက်လို့ပါဘုရား)။

သစ္စာသိလိုက်တော့ ပါဠိရွတ်ကြည့်လိုက်ပါ၊ ဘာတဲ့တုံး ဒကာ ဒကာမတို့. . . (ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိပါ ဘုရား)။

ဒုက္ခက္ခန္ဓဿ - နောင်လာလတ္တံ့ ဒုက္ခအစုကြီး၏ နိရော ဓော ဒီပဂ္ဂိလ်လိုသန္တာန်၌ မရှိခြင်းသည် (ဝါ) ချုပ်ပျောက်ခြင်းသည် ဟောတိ - ဖြစ်၏. . . ဆိုတော့ နောက်ဘဝတွေရော၊ ယခုဘဝ တွေရော၊ နောက်လာလတ္တံ့ဒုက္ခတွေရော ကိုဝ. . . ရှိသေး သလား. . . (မရှိပါဘုရား)။

ဒါ ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့မှ ကြားစိတ် ကို ဒုက္ခသစ္စာလို့ တပည့်တော်တို့က နောက်က အသိလိုက်လိုက် လို့ဘုရား. . . (မှန်ပါ့)၊ ဒကာကြီးလှိုင် ပေါ်ပါပလား. . . (ပေါ်ပါ ပြီဘုရား)။

## ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ကြားစိတ်ကို ဘာလိုက်လိုက်လို့လဲ. . . (နောက်က မင်္ လိုက်လိုက်လို့ပါ)၊ ဒုက္ခသစ္စာလို့ အသိကလေးလိုက်ရတယ်. . . (မှန်ပ့ါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဒါ ဓမ္မာနုပဿနာ သတိပဋ္ဌာန် လို့ခေါ်သည်. . . (မှန်ပ့ါ)။

သတိပဋ္ဌာန်ထဲ သွင်းရင် ဘာတဲ့. . . (ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါဘုရား)၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ဆိုငြား သော်လည်း ဖြစ်ပျက်ပါပဲ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

အင်း. . . ကြားစိတ်ကလေးဟာ ဖြစ်ပြီး ပျက်သွားတယ် လို့ သိလိုက်တာ. . . ဖြစ်ဒုက္ခ ပျက်ဒုက္ခပဲ. . . (မှန်ပါ့)၊ သဘော ကျပလား. . . (ကျပါပြီဘုရား)။

ဖြစ်တာလဲ. . . (ဒုက္ခပါပဲဘုရား)၊ ပျက်တာလဲ. . . (ဒုက္ခ ပါပဲဘုရား)။

## ဖြစ်ဒုက္ခပျက်ဒုက္ခ

ဘာကြောင့်တုံးလို့ ဆရာဘုန်းကြီးက ဒီဥစ္စာ ဒီဖြစ်ဒုက္ခ၊ ပျက်ဒုက္ခလို့ ကြားစိတ်ကလေးကို ဖြစ်တာလည်းဒုက္ခပဲ၊ ပျက်သွား တာလည်းဒုက္ခပဲလို့ ဟောရသတုံးဆိုတော့ အို. . . ဓမ္မစကြာရတဲ့ ပုဂ္ဂိုလ်ကျတော့ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခဆိုတော့ မင်းတို့

သန္တာန်ထဲ ခန္ဓာတွေ ဘယ်ခန္ဓာပေါ်ပေါ် ဒုက္ခသစ္စာလို့. . . ဟော တယ်. . . (မှန်ပါ့ဘုရား)။

ပေါ်လဲ ဒုက္ခသစ္စာပဲ. . . (မှန်ပါ့)၊ ပျက်လဲ. . . (ဒုက္ခ သစ္စာပါပဲဘုရား)။

အဲဒါကလေးကို ဒကာ ဒကာမတို့က ဒီကြားစိတ်ကလေး ကို ပေါ်သည်နဲ့ တစ်ပြိုင်နက်တည်း ဩော်. . . ဒုက္ခသစ္စာပဲလို့ . . . သူ့ဆီကို ဉာဏ်လှည့်ပြီး ရှုလိုက်စမ်းပါ. . . (မှန်ပါ့)။

ရှုလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဦးဘရှင်း. . . ဒုက္ခ ကွန္ဓသဿ နိရောဓောဟောတိ. . . (မှန်ပါ့)။

ဒကာကြီးလှိုင် ဘာတဲ့. . . (ဒုက္ခကွန္ဓသဿ နိရောဓော ဟောတိပါဘုရား)။

နောက်က ဒကာ ဒကာမတွေ ခင်ဗျားတို့ စာသာရွတ် နေတယ်၊ ကိုယ့်ဒုက္ခ ကိုယ်မသိမ်းတတ်ဘူး. . . (မှန်ပါ့)၊ အခု တော့ဖြင့် ဘယ့်နှယ်တုံး. . . (သိမ်းတတ်ပါပြီဘုရား)။

## ကြားတဲ့စိတ်က ဒုက္ခသစ္စာ

ဟာ. . . ကြားတဲ့စိတ်ကလေးကို ဒုက္ခသစ္စာလို့ သိလိုက် ပါတယ်တဲ့. . . ဒါဖြင့် ကြားတဲ့စိတ်က ဒုက္ခသစ္စာ၊ သိလိုက်တာ က ဝိဇ္ဇာဉဒပါဒီ ဝိဇ္ဇာဖြစ်သွားပြီကွတဲ့. . . (မှန်ပါ့)၊ အာလော ကော ဥဒပါဒိ ဉာဏ်ဥဒပါဒိဖြစ်သွားပြီကွတဲ့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## ဝိဇ္ဇာမဂ္ဂသစ္စာဖြစ်သွားတယ်

ဝိဇ္ဇာဉာဏ်တွေ မရသေးဘူးလား. . . (ရပါပြီဘုရား)၊ ဝိဇ္ဇာဉာဏ်လည်းရပါရော ကိုပေါ်ရေ. . . ရတဲ့အကျိုးဘာခံစားရသတုံးလို့ မေးတဲ့အခါကျတော့ လာလတ္တံ့ခင်ဗျားတို့ပြုထားတဲ့ကံတွေက ကမ္မဘဝပစ္စ ယာ ဇာတိ ကမ္မဘဝ ပစ္စယာ ဇာတိနဲ့ ဇာတိ၊ မရဏ၊ သောက၊ ပရိဒေဝနဲ့ ဦးဘရှင်း တစ်ပုံကြီးနောက်က လာမှာတွေမရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

အဲဒါတွေဟာ ဒီက ဖြစ်ပျက်က ကြားစိတ်ကလေးတွေက ဒုက္ခသစ္စာသိလိုက်တာကလေးက မဂ္ဂသစ္စာ၊ ဝိဇ္ဇာမဂ္ဂသစ္စာကလေးဖြစ်သွားတော့ ကိုဝ. . . မဖြစ်လိုက်ဘူးလား. . . (ဖြစ်လိုက်ပါတယ်ဘုရား)။

## ကျုပ်သေရင် ဘယ်သွားရမှာတုံးလို့မေးမနေနဲ့နော်

ဖြတ်လိုက်တော့ကို ခင်ဗျားတို့ ဘယ်သူမှ ကျုပ်သေရင် ဘယ်သွားမှာတုံးလို့ မေးမနေနဲ့နော်. . . (မှန်ပါ)၊ ဒုက္ခက္ခန္ဓသာ နိရောဓောဟောတိလို့ ဘုရားက ဟောလိုက်တယ်. . . (မှန်ပါ ဘုရား)။

မောင်နိုင် မဟောဘူးလား. . . (ဟောပါတယ်ဘုရား)၊

ဘယ့်နှယ်ကြောင့် ချုပ်သွားတာတုံးလို့ ကြားစိတ်ကလေးကို တပည့်တော်တို့က ဒုက္ခသစ္စာလို့ သိလိုက်လို့ ဘုရား၊

သိလိုက်တာကလေးက ဝိဇ္ဇာမဂ်မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## သစ္စာသိတော့ ဒုက္ခတွေ ချုပ်သွားတယ်

အဲဒီတော့ ဝိဇ္ဇာမဂ်ကလေးလာတော့ ဟိုဘက်က ဘာတွေချုပ်သွားသတုံး. . . (ဒုက္ခတွေချုပ်သွားပါတယ်)၊ ဒုက္ခတွေအကုန်မချုပ်သွားဘူးလား. . . (ချုပ်သွားပါတယ်ဘုရား)။

ဒါဖြင့် သစ္စာသိတော့ကို ဒုက္ခချုပ်တယ်ဆိုတော့ ဒကာ ဒကာမတို့ သစ္စာသိလိုက်တော့ မသိတဲ့ပုဂ္ဂိုလ်မှာ ဟိုဘက်လာမည့် ဒုက္ခပေါင်း တစ်နေ့-တစ်နေ့ ရေတွက်နိုင်ကြရဲ့လား . . . (မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ၁၃မိုင်ပတ်လည်ကန်ထဲမှာရှိတဲ့ ရေမှုန်တွေလို ဒုက္ခ တွေဟာ နောက်ကလုပ်ထားတဲ့ ဒုက္ခတွေ၊ အခုလုပ်ထားတဲ့ ဒုက္ခတွေဟာ သစ္စာသိလိုက်တော့ ဒီဒုက္ခတွေရှိသေးရဲ့လား . . . (မရှိတော့ပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ သစ္စာသိတဲ့ တန်ခိုးဟာတယ်ကြီးမားပါကလား. . . (မှန်ပါ)၊ ကိုဝ. . . ဆိုထိုက်ပလား . . . (ဆိုထိုက်ပါတယ်)၊ နောက်က ဒကာ ဒကာမတွေ. . . (ဆို ထိုက်ပါတယ်ဘုရား)။

## လေးလေးစားစားနဲ့ပြောနေတာ

ခင်ဗျားတို့က ဤကားဒုက္ခသစ္စာ၊ ဤကား သမုဒယ သစ္စာ ခင်ဗျားတို့က ရနေတာကိုး. . . (မှန်ပါ့)၊ ကိုယ့်သန္တာန် ပေါ်တာတော့ သိမှ မသိဘဲကိုး. . . (မှန်ပါ့)၊ ဒါကြောင့် လေးလေးစားစားနဲ့ အပင်ပန်းခံပြီး ပြောနေတယ်ဆိုတာ မောင်နိုင် ရိပ်မိဖို့ကောင်းပါပြီ။ (ရိပ်မိပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ကြားစိတ်ကလေးက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ သိလုံးကလေးက. . . (မဂ္ဂသစ္စာပါဘုရား)။

## မဂ္ဂသစ္စာ ဘာများလုပ်လိုက်သတုံး

ဒီမဂ္ဂသစ္စာက ဘာများလုပ်လိုက်သတုံးလို့ မမေးဘူး လား. . . (မေးပါတယ်ဘုရား)၊ မေးလိုက်တော့ သူမလာလို့ရှိရင် တဏှာဥပါဒါန်၊ ကံလာမယ်. . . (မှန်ပါ့)၊ မလာပေဘူးလား . . . (လာပါတယ်)၊ ကံလာလို့ရှိရင် ပဋိသန္ဓေဇာတိ၊ ဇရာ၊ မရဏ လာမယ်. . . (မှန်ပါ့)။

ဒါဖြင့် တဏှာ၊ ဥပါဒါန်က ကိလေသာဝဋ်. . . (မှန်ပါ့)၊ ကံက (ကမ္မဝဋ်ပါ)၊ ပဋိသန္ဓေဇာတိ၊ ဇရာ၊ မရဏတွေက. . . (ဝိပါ ကဝဋ်ပါ)၊ ဝဋ်သုံးပါးကျွတ်သွားတယ်. . . (မှန်ပါ့)။

ဘယ်လိုဆိုကြမယ်. . . (ဝဋ်သုံးပါးကျွတ်သွားပါတယ်)၊ ဝဋ်သုံးပါးကျွတ်သွားတယ်ဆိုတော့ ခင်ဗျားတို့က

ဘုရားရှေ့သွားပြီးသကာလ ဝင့်ကြီး မြန်မြန်ကျွတ်ပါရစေဘုရား . . . ဆိုတော့. . . မဂ်ကလည်း မပါဘူး၊ ဒီတော့ ဘုရားက မတတ်နိုင်ဘူး. . . (မှန်ပါ့)။

မဂ်မပါတော့ တတ်နိုင်ပါ့မလား. . . (မတတ်နိုင်ပါဘုရား)၊ ဖြစ်တာက ကျုပ်တို့သန္တာန်မှာ. . . (မှန်ပါ့)၊ ဘုရားကို ဖြတ်ပေးပါခိုင်းလို့ ရပါ့မလား. . . (မရပါဘုရား)။

မရဘူးဆိုတာ သစ္စာသိတဲ့ ကိုယ့်ဝိဇ္ဇာမဂ္ဂင်နဲ့ ကိုယ့်ဟာကိုယ်ဖြတ်ရမယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . ဒကာကြီးလှိုင် (မှန်ပါ့ဘုရား)။

ဘုရားသွားပြီးပူဆာရင် နားငြီးရုံပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ကိုယ့်ဟာကိုယ်ဖြတ်မှသာလျှင်. . . (ရပါတယ်)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကြားစိတ်ကလေးက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ သိတာကလေးက. . . (မဂ္ဂသစ္စာပါ)၊ ဝိဇ္ဇာမှ ဟုတ်ရဲ့လား. . . (ဟုတ်ပါတယ်ဘုရား)။

ဝိဇ္ဇာဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓောလည်းဖြစ်ပါတယ်. . . (မှန်ပါ့)၊ ဟိုဘက်ကလာ လတ္တံ့. ဝိညာဏနိရောဓောကော. . . (ဖြစ်ပါတယ်ဘုရား)၊ ဒုက္ခက္ခန္ဓသဿ နိရောဓောကော. . . (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ကိုဝ. . . သက်သေခံလုံလောက်ရဲ့လား. . . (လုံလောက်ပါတယ်ဘုရား)။

## ကယ်မည့်ကူမည့်သူ ဘယ်သူတုံး

ဒါဖြင့် ခင်ဗျားတို့ ကယ်မည့် ကူမည့်သူ ဘယ်သူပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ သစ္စာသိတဲ့ဉာဏ်ပါပဲဘုရား. . . (မှန်ပါ့)။

ဦးဘကလေး ဘာတုံး. . . (သစ္စာသိတဲ့ဉာဏ်ပါ)၊ သစ္စာ သိတဲ့ဉာဏ်ပဲလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် သစ္စာသိတော့ ဒကာ ဒကာမတို့ နောက်လာလတ္တံ့ ဒုက္ခတွေ ဘယ့်နှယ်နေကြသတုံး. . . (ချုပ် သွားပါတယ်ဘုရား)၊ ရှေးက မိုက်မဲထားလို့ ပေးစရာ ဒုက္ခ တွေကော. . . (ပြတ်ပါတယ်ဘုရား)၊ ချုပ်တယ်၊ ရှေ့နောက်ဖြတ် တာ မောင်နိုင်ရေ. . . (မှန်ပါ့)။

## အတိတ်ကံတွေလဲပြတ်တယ်

အတိတ်ကံတွေလဲ. . . (ဖြတ်ပါတယ်ဘုရား)၊ အနာဂတ် လာလတ္တံ့တွေကော. . . (ဖြတ်ပါတယ်ဘုရား)၊ သဘောကျပ လား. . . (ကျပါပြီ)၊ ရှင်းပြီနော်. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ကို အတိတ်ကံတွေက အကျိုးပေးချင် ပြန်တယ်၊ တပည့်တော်တို့ဘုရား၊ ယခုဘဝကံတွေသာ တပည့် တော်တို့ ကံတဏှာတွေသာဖြတ်တယ်၊ အတိတ်ဘဝက တဏှာ တွေ၊ ကံတွေတော့ဖြင့် တပည့်တော်တို့က မဖြတ်နိုင်ဘူး၊ ထင်ချင် လည်း ထင်နေကြမယ်. . . (မှန်ပါ့)။

အတိတ်ဘဝက မူးခဲ့ မိုက်ခဲ့တာတွေ ကိုဝ မရှိပေဘူးလား (ရှိပါတယ်ဘုရား)၊ **အပရာ ပရိယ ဝေဒနီယကံ**ဆိုတာ လူတိုင်းရှိတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## အသိကလေးက မဂ္ဂသစ္စာခေါ်တယ်

ဟော့. . . ရှိချင်ရှိပေစေကွ. . . ဘုန်းကြီးကလည်း ဟောတယ်၊ ဘုရားကလည်း ဟောတယ်၊ ဘယ်လိုဟောသတုံးဆိုတော့ မောင်နိုင် ကဲ ကြားစိတ်ကလေးကို သိလိုက်တော့ သူ့နောက်က အသိကလေးမလိုက်လိုက်ဘူးလား. . . (လိုက်လိုက်ပါတယ်)။

လိုက်တဲ့အခါကျတော့ မဂ္ဂသစ္စာကလေးက မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

သူ့နောက်က ထုံးစံအတိုင်း လိုက်မည်မသိလို့ လိုက်မည့်တဏှာ ဥပါဒါန် လာသေးရဲ့လား. . . (မလာပါ)၊ ကံကော. . . (မလာပါ)၊ ကံမလာတော့ ခန္ဓာလာသေးရဲ့လား. . . (မလာပါဘုရား)။

## ခန္ဓာပျောက်တယ်

ခန္ဓာမလာရင် ခန္ဓာပျောက်တဲ့အတွက်၊ ခန္ဓာမပေါ်တဲ့အတွက် အတိတ်ကံတွေကလည်း ဒကာ ဒကာမတို့ ခန္ဓာရှိမှ

လိုက်အကျိုးပေးတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ပစ္စုပ္ပန်ကံကလည်း မပေါ်လို့ ခန္ဓာမလုပ်တော့ဘူး . . . (မှန်ပါ့ဘုရား)၊ ကံမပေါ်လို့ ခန္ဓာလုပ်သေးရဲ့လား. . . (မလုပ်ပါဘူးဘုရား)။

ပစ္စုပ္ပန်ခန္ဓာကလည်း. . (မပေါ်လို့ ခန္ဓာမလုပ်တော့ပါဘုရား)။

နို့. . . ခန္ဓာရှိမှလည်း နောက် အတိတ်ကံတွေကလည်း လိုက်အကျိုးပေးမှာကိုး. . . (မှန်ပါ့)၊ ပေးနိုင်သေးရဲ့လား. . . (မပေး နိုင်ပါဘုရား)။

ဒါဖြင့် ရှေ့က ပြေးမည့်လူရှိမှ နောက်က လိုက်မယ်. . . (မှန်ပါ့)၊ ပြေးမယ့်လူ ဇာတ်သိမ်းလိုက်လို့ရှိရင် နောက်က လိုက်တာတွေဟာလည်း လိုက်နိုင်သေးရဲ့လား . . . (မလိုက်နိုင်ပါဘုရား)။

ဒါဖြင့် ကိုဝ. . . ပြေးမည့်ခန္ဓာပေါ်မှ နောက်က လိုက်မယ်. . . (မှန်ပါ့)။

## ပစ္စုပ္ပန်ကံတွေကော ဖြတ်တယ်

ဒါဖြင့် အတိတ်ကံတွေကော မဖြတ်ဘူးလား. . . (ဖြတ်ပါတယ်ဘုရား)၊ ပစ္စုပ္ပန်ကံတွေကော. . . (ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်ဒုက္ခသစ္စာကိုသိတဲ့ မဂ်ဉာဏ်သည် အတိတ်ကံတွေကိုလည်း တားမြစ်နိုင်တယ် . . . (မှန်ပါ့)၊ ပစ္စုပ္ပန်ကံတွေကိုလည်း အကျိုးမပေးအောင် ကန့်ကွက်ပါတယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)၊ ဒီကံတွေက အကျိုးပေးရင် ဘာသစ္စာတွေ လာကြမယ်ထင်သလဲ . . . (ဒုက္ခသစ္စာတွေပါဘုရား)။

ဒါဖြင့် အတိတ်ကကံတွေက အကျိုးပေးမည့် ဒုက္ခသစ္စာကိုလည်း ယခုသစ္စာသိတဲ့ ဉာဏ်က ဖြတ်လိုက်တယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)၊ နောက် လာလတ္တံ့ကံတွေလည်း သစ္စာသိလို့ မပေါ်လာတော့ဘူး . . . (မှန်ပါ့)၊ ပေါ်လာသေးရဲ့လား . . . (မပေါ်လာပါဘုရား)။

မပေါ်လာတော့ ကိုပေါ်က စဉ်းစား . . . ကိုဝက စဉ်းစားချေဘ် . . . အတိတ်ကံတွေလည်း ကြောက်စရာမလိုတော့ပါကလား . . . (မှန်ပါ့)၊ ယခုဘဝကံတွေကော . . . (ကြောက်စရာမလိုတော့ပါဘုရား)။

## မဂ်ကဖြတ်လိုက်တယ်

လာကို လာသေးရဲ့လား . . . (မလာပါ)၊ ဘာက ဖြတ်လိုက်သလဲ . . . (မဂ်ကဖြတ်လိုက်ပါတယ်)၊ မဂ်က ဖြတ်တယ် သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီမဂ်ဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီသစ္စာသိတဲ့ မဂ်လာမှကွာ. . ။. ခုနက ၁၃မိုင်ပတ်လည် အနက် ၁၃မိုင်ရှိတဲ့၊ ရေမှုန်ထက်များတဲ့ ဒုက္ခတွေဟာ အတိတ်ဒုက္ခတွေ ဟာလည်း အကုန်ခန်းရမယ်. . . (မှန်ပါ့)၊ ပစ္စုပ္ပန်လည်း ကျုပ်တို့က ဒီကန်ထဲမှာ ရေမှုန်တွေ ပြန်ထည့်သေးရဲ့လား. . . (မထည့်ပါဘုရား)။

ဒါဖြင့် ဒီရေကန်သည် အတိတ်ကဟာလဲခန်း၊ နောက်က လည်း ရေသစ်မလောင်းတော့ဘူးဆိုလို့ရှိရင်ဖြင့် ကန်ဟာ ဟောင်းလောင်ကြီး ဖြစ်ရုံပဲရှိတယ်. . . (မှန်ပါ့)၊ ဒုက္ခတွေ အကုန်, ကုန်သွားတယ်. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဘာတွေကုန်ပါလိမ့် . . . (ဒုက္ခတွေကုန်ပါတယ်ဘုရား)။

## ဒုက္ခကုန်ချင်ရင် သစ္စာသိအောင်လုပ်ပါ

ဒါဖြင့် ဒုက္ခကုန်ချင်ရင် သစ္စာသိအောင်လုပ်. . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒုက္ခကုန်ချင်ရင်. . . (သစ္စာသိအောင်လုပ်ရပါမယ်)၊ သစ္စာသိအောင် လုပ်မှုမှတစ်ပါး တခြားသော နည်းမှာဖြင့် ကိုဝ ဘုန်းကြီး ပိဋကတ်သုံးပုံ အလုံးစုံ အကုန် ဘုရားသခင်ကိုယ်တော် မြတ်ကြီးဟောတာ၊ အကုန်မွှေနှောက်ရှာတာ၊ ဒါပဲရှိတယ်. . . (မှန်ပါ့)၊ သစ္စာသိမှပဲ. . . (မှန်ပါ့)၊ သစ္စာမသိလို့ရှိရင် ဒီပြင်ဟာ

ယောင်ဝါးဝါးချည့်မှတ်. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

သစ္စာမသိသေးရင် ဒီပြင်ဟာတွေ. . . (ယောင်ဝါးဝါး ချည့်ပါဘုရား)၊ ယောင်ဝါးဝါးတွေပဲဆိုတော့ သစ္စာသိမှ ဝိဇ္ဇာဖြစ် တာကိုး. . . (မှန်ပါ့)။

ကိုဝ ဘယ့်နှယ်ဆိုကြမလဲ. . . (သစ္စာသိမှ ဝိဇ္ဇာဖြစ်တာ ပါဘုရား)။

သစ္စာမသိတဲ့ပုဂ္ဂိုလ် အဝိဇ္ဇာ. . . (မှန်ပါ့)၊ သစ္စာသိတော့ (ဝိဇ္ဇာပါဘုရား)။

ကဲ. . . ဒါဖြင့် မဂ်ဝိဇ္ဇာ မဖြစ်သေးဘူးလား. . . (ဖြစ်ပါ တယ်ဘုရား)။

အဲ. . . မဂ်လဲခေါ်၊ ဝိဇ္ဇာလဲခေါ် ဆိုတော့ ဒကာ ဒကာမ တွေက ဒီကြားစိတ်ကလေးပေါ် လည်းသိနေ. . . (မှန်ပါ့)၊ သြော် ဒုက္ခသစ္စာသိလို့ ရှုလိုက်၊ ဒါ ဒုက္ခသစ္စာပဲလို့ ပွားလိုက်၊ သဘော ကျပလား (ကျပါပြီဘုရား)။

## ဒုက္ခသစ္စာသာ ပွားနေလိုက်စမ်းပါ

နံစိတ်ကလေးပေါ် လဲ. . . (ဒုက္ခသစ္စာပါဘုရား)၊ စား စိတ်ကလေးပေါ် လဲ. . . (ဒုက္ခသစ္စာပါဘုရား)၊ ယားစိတ် ယံစိတ် ကလေးပေါ် လဲ. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာ ပွားပွားနေ လိုက်စမ်းပါ. . . (မှန်ပါ့)။

ပွားလိုက်တော့ အတိတ်ကံတွေကော မင်က. . . (ဖြတ်ပါတယ်ဘုရား)၊ ပစ္စုပ္ပန်ကံတွေ လာခွင့်ပေးသေးသလား. . . (မပေးပါဘုရား)။

မပေးတော့ အင်. . . ဟင်. . . အတိတ်ကဝဋ်ကြွေးတွေလဲ ပြေပေါ့ဟ. . . (မှန်ပါ့)၊ ဝဋ်သစ်တွေလည်း မလာဘူးဟ. . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ. . . (ဝဋ်ကြွေးတွေလည်း ပြေပါတယ်ဘုရား။ ဝဋ်သစ်တွေလည်း မလာပါဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်သည် ဝဋ်ကျွတ်သွားတဲ့ ပုဂ္ဂိုလ်ဆိုရမယ် . . . (မှန်ပါ့)။

ဒကာကြီးလှိုင်. . . ဘယ့်နှယ်ဆိုကြမလဲ. . . (ဝဋ်ကျွတ်သွားတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ဝဋ်ကျွတ်သွားတဲ့ပုဂ္ဂိုလ် ဆိုထိုက်-မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ဘုရားကို ဖြတ်ပေးပါခိုင်းလို့တော့မရပါ

တပည့်တော်ဖြင့် ဝဋ်ဘဝတိုတိုနဲ့ နိဗ္ဗာန်ရောက်ရပါလို၏ ဘုရားဆိုတာ ဝဋ်ကျွတ်ပါရစေဘုရားလို့. . . ပြောတာပါ. . . (မှန်ပါ့ဘုရား)၊ မောင်နိုင် ဝဋ်တိုတိုနဲ့ နိဗ္ဗာန်ရောက်ရပါလို၏လို့ . . . ဘုရားရှေ့မှာ လုပ်နေတာ ဘာပါလိမ့်. . . (ဝဋ်ကျွတ်ပါရစေ ပြောတာပါ)၊ ကျွတ်ရဲ့လား. . . (မကျွတ်ပါဘုရား)။

ဘာကြောင့်တုံး. . . ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကိုမှ ကိုယ်မဖြတ်ဘဲနဲ့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ဒဏ်ကြောင့် ကိုယ်ဝဋ်ဖြစ်နေတာကို ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ့်ဉာဏ်နဲ့ မပြတ်ဘဲနဲ့ ဘုရားကို ဖြတ်ပေးပါ ခိုင်းလို့တော့ဖြင့် မရဘူးကွ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဘုရားကြည်ညိုရင် သုဂတိရောက်ရုံပဲ

ဒါကြောင့် ဘုရားက ငါ ဘုရားကြည်ညိုလို့ရှိရင် သုဂတိရောက်ရုံပဲ၊ နိဗ္ဗာန်ရောက်ချင်လို့ရှိရင်ဖြင့် သစ္စာသိအောင်လုပ်တဲ့. . . (မှန်ပါ့)၊ မပေါ်ကြသေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

နိဗ္ဗာန်ရောက်ချင်ရင်တော့. . . (သစ္စာသိအောင် လုပ်ရပါမယ်)၊ ကဲ. . . ကိုဝ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့်. . . ဒကာ ဒကာမတို့ ကိုယ့်သန္တာန်မှာ ပေါ်လာသရွေ့ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ကဲ. . . ဒါဖြင့် အခုတော့ စိတ်တွေချည့်ပဲရှု၊ လာသရွေ့ စိတ်ကို ဖမ်းရှုနေတယ်. . . (မှန်ပါ့)၊ ရှုစိတ်ကလေးလာလဲရှုပဲ၊ ရှိုက် စိတ်ကလေးလာလဲ. . . (ရှုရပါမယ်)၊ စားချင်တဲ့စိတ်ကလေးလာလဲ၊ အိပ်ချင်တဲ့စိတ်ကလေးလာလဲ. . . (ရှုရပါမယ်ဘုရား)။

အင်း. . . အကုန် ဒုက္ခသစ္စာချည့် ရှုပေးလိုက်စမ်းပါ. . . (မှန်ပါ့)၊ ရှုတိုင်း. . . ရှုတိုင်း အရှုခံရတာက ဒုက္ခသစ္စာ၊ ရှုဉာဏ်က မဂ္ဂသစ္စာဖြစ်ပါတယ်. . . (မှန်ပါ့)။

## ရှုဉာဏ်ကမဂ္ဂသစ္စာ

အရှုခံရတာက. . . (ဒုက္ခသစ္စာပါ)၊ ရှုဉာဏ်က. . . (မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ဒီမဂ္ဂသစ္စာတစ်လုံးသည် ဦး-ပဲ့ထမ်းသလိုပဲ. . . အတိတ်ကံတွေကို ဖြတ်တောက်ပေးတာလဲ သူပဲ. . . (မှန်ပါ့)၊ အနာဂတ်ကံတွေကို မလာအောင် ကန့်ကွက်တာလဲ. . . (သူပါပဲဘုရား)။

သူပဲလို့ဆိုသဖြင့် ကျုပ်တို့မှာ ဩော်. . . ဒီဘဝတော့ဖြင့်တို့ ကောင်းကောင်းမွန်မွန် စားကာသောက်ကာနဲ့ နေကြတာပဲ၊ အတိတ်ကံတွေကများ မတော်လို့ နှိပ်စက်လိုက်ရင်ဖြင့် အင်း. . . ဒီအိမ်ပေါ်က ဆင်းချင်ဆင်းရမယ် စိုးရိမ်နေရတယ်. . . (မှန်ပါ့)၊ မစိုးရိမ်ရဘူးလား. . . (စိုးရိမ်ရပါတယ်ဘုရား)။

နောက်လဲ ဘာဖြစ်ဦးမယ် မသိသေးပါဘူးလေ. . . ဆိုတဲ့ ကြောက်လုံးကော မလာဘူးလား. . . (လာပါတယ်ဘုရား)။

## ဝိဇ္ဇာ မဖြစ်သရွေ့လိုသေးတယ်

အဲဒါ ဝိဇ္ဇာ မဖြစ်သရွေ့ ကာလပတ်လုံး လိုသေးတယ် မှတ်ပါ. . . (မှန်ပါ့)။

ဒီ ကြောက်လုံးနှစ်ခုလာမှာပဲ. . . (မှန်ပါ့)၊ အိမ်ပေါ်ကပဲ ဗြုန်းခနဲများ ဥပစ္ဆေဒကကံများက ဖြတ်ချလိုက်ရင် အခက်ကြီးပဲ၊ မလာဘူးလား. . . (လာပါတယ်ဘုရား)။

အင်း. . . ဒီဘဝလည်း ကိုယ်က မူးမိုက်ထားတာတွေ ဖြစ် နေတော့ ဒီကံတွေကလည်း ကြောက်စရာပဲ. . . ဒါ အမြဲ တမ်းစိုးရိမ်နေရတယ်. . . (မှန်ပါ့)။

အတိတ်အတွက်လည်း လှမ်းပြီးတော့. . . (စိုးရိမ်ရပါ တယ်)၊ ပစ္စုပ္ပန်အတွက်လဲ. . . (စိုးရိမ်ရပါတယ်ဘုရား)။

## မဂ်သည်သာ အားကိုးရာအစစ်အမှန်

အဲ. . . မစိုးရိမ်ချင်လို့ရှိရင် ဘာလုပ်ကြမယ်. . . (သစ္စာ သိအောင် လုပ်ရပါမယ်)၊ သစ္စာသိအောင် လုပ်ပစ်လိုက်ပါ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ)၊ သိလုံး ကလေးက. . . (မဂ္ဂသစ္စာပါ)၊ အတိတ်ကံပြတ်တာလည်း ဘယ်သူ့ကြောင့်. . . (မဂ်ကြောင့်ပါ)၊ ပစ္စုပ္ပန်ကံတွေ မလာတာ လဲ. . . (မဂ်ကြောင့်ပါဘုရား)။

ဒါဖြင့် မဂ်သည် ဒကာ ဒကာမတို့၏ အားကိုးရာ အစစ် အမှန်ဖြစ်တော့တယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့)၊ ရှင်း ပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့. . . ။

သာဓု. . . သာဓု. . . သာဓု. . . ။